# အိုးဝေ

ဂျာနယ်

အမှတ်(၅) ၂၈ ၁၂ ၂၀၀၉

အောနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ဝေသည်။




## "မြင်းခွါတချက်ပေါက်ရင် မီးဟုန်းဟုန်းတောက်စေရမယ်"

သင်းထက်ကို

# မာတိကာ




| | | |
|---|---|---|
| ၄။ | ဗိုလ်အောင်ကျော် နတ်သံ | မင်းသုဝဏ် |
| ၅။ | ကွန်ယက်ဝိဉာဉ် | အောင်နေသီ |
| ၆။ | အယ်ဒီတာ့ အသံ | အယ်ဒီတာ |
| ၇။ | ဗိုလ်အောင်ကျော်စာမျက်နှာများ | |
| ၈။ | ဗိုလ်အောင်ကျော်အထွေထွေပွဲတော် | |
| ၉။ | *ဒီဇင်ဘာ(၂၀)ရက်တမ်းချင်း . . .* | မောင်လေးအောင် |
| ၁၁။ | လူငယ် | ကိုအောင်ကျော် |
| ၁၃။ | ဒေါက်တာလှရွှေအထွေထွေပွဲတော် | |
| ၁၄။ | အာဏာသိမ်းစစ်တပ်နှင့် ကျောင်းသား | မောင်ကြည်ဆွေ(ဒဂုံ) |
| ၁၉။ | ၂၀၁၀ ရွေးကောက်ပွဲနဲ့ ကျောင်းသားထုရဲ့ရပ်တည်မှု | မိုးလျှံ |
| ၂၁။ | နယ်ချဲ့ဆန့်ကျင်ရေးမှသည် အမျိုးသားဖက်ဆစ် . . . | သမိုင်းရှင် |
| ၂၅။ | နိုင်ငံရေးသတ္တဝါတကောင် | ဗန်းမော်တင်အောင် |
| ၃၂။ | ကျောင်းသားလှုပ်ရှားမှုမှ လူထုလှုပ်ရှားမှုသို့ | မောင်မြတ်သာ |
| ၃၄။ | မိဘပြည်သူ ကျောင်းသားကျောင်းသူများသို့ ပြန်ကြားချက် | |


*ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ဝေသည်*

## အဖွင့်ကဗျာ

# ဗိုလ်အောင်ကျော် နတ်သံ

စာအုပ်ကယ်မှ ကလောင်လေ - -
သိပ္ပံအပေါင်း၊ ဝိဇ္ဇာအောင်းသည့်
ကျောင်းများခေါင်က
ဗိုလ်အောင်ငယ်မှ မည်တင့်
ကျော်တဆင့်နှင့်၊ မင်းမင့်နောင်ညီ။
ငါ - -  ဇာနည်ကို၊ လာပြီကြိုကြ။
သပြေပန်းနှင့် ရေချမ်းဆောင်ကာ
အောင်စည်စလော့။
နှမငယ် ဖြူဖြူ။
ပညာစီးပွား၊ စွမ်းအင်အားနှင့်
အင်လျားသူတို့
ငါမူအစ၊ ရှေးဘဝက
နှမတို့နှယ်
ပျော်ပျော်ပါးပါး၊ ဟိုသည်သွားလို့
ကြားခဲ့တယ်။        ။

နောင်ဝယ်သောခါ
ငါ့မိ၊ ငါ့ဘ ကျွန်ဘဝကို
မြင်ရမလျော်၊ စိတ်မပျော်၍
ရဲဘော်အများ၊ သစ္စာအားနှင့်
ကြိုးစာရာတွင်၊ ကြမ္မာငါ့ကံ။
တလူ့ဘဝ၊ရှူမလှအောင်
ငါ့ကိုယ်ခံ၍၊ ရန်သူလက်နက်
ဆံတိုဆံတောင်း၊ ဘာမဆောင်းသည့်
ငါ့ခေါင်းထက်မှာ၊ ဆက်ကာဆက်ကာ
ဝင်းဝင်းလျှံတောက်၊ မူးမော်နောက်အောင်
ကျရောက်လာသော် ငါ့မှာမချို
ဘုရားကယ်ပါ၊ အော်မြည်ပါလည်း
ကွာသတိနှင့်၊ ငါမိရင်ခွင်
ဤမြေပြင်တွင်၊ ငါလျှင်လဲ၍
အောင်ပွဲခံသည်၊ နိုင်ငံသာကြောင်း
ငါဆုတောင်းမည် သောင်းသိန်းသန်းကျော်
တို့ရဲဘော်တို့ ။        ။

မင်းသုဝဏ်

# အဖွင့်ကဗျာ

## ကွန်ယက်ဝိညဉ်

ဒီမြေသားပေါ်မှာ
ဘာအပင် ဘာပန်းမှစိုက်ပျိုးမရ
ကာလ ရှည်ကြာလှပေါ့။

ကြိုးတင်းတင်းနဲ့တီးခတ်ထားတဲ့
ခါးရှသံပြိုင်တေးသွားက
ပလွှား မာန်မောက် ဖောက်စူး
အဲဒီ-
ဘီလူးခေါင်းနဲ့
ကျောင်းတော်ကရန်စဖြစ်ခဲ့
မြစ်တမြစ်ရဲ့ ရေသာ လေညာမှာ
မနေနိုင်ရှာသောငှက်များ
မြားတန်းလန်းနဲ့ပျံသန်းနေဆဲကာလ။

မိစ္ဆာညရဲ့ အခင်းအကျင်းမှာ
သဘာဝ သယံဇာတ
ရင်းမြစ်မှန်သမျှ လောင်မြိုက်
အမှောင်တိုက်ကိုထွန်းညှိ လှည့်စား
ပိုးဖလံများ ဖွဲဖွဲအုံကျင်း
သူတော်ချင်း သတင်းလွှေ့လွှေ့ ရှိနေကြဆဲကာလ။

ည-မှောင်နိုင်သမျှ မှောင်လွှမ်းစေ
မြေပြင် ကောင်းကင် ကြယ်စင်
ဝိညဉ်မျှင်များရက်ရှယ်
တွယ်ဖွဲ့ပေါင်းစည်းနေသေးသမျှ
အလှပဆုံးအောင်ပွဲတေးသံ
(တနေ့မှာ)
လွင့်ပျံ့ခြိမ့်ခြိမ့် ကြားရပေလိမ့်မယ်။ ။

**အောင်နေသီ**

# အယ်ဒီတာ့ အသံ

“မီးဒုတ် မီးဒုတ် ရှို့ရှို့”

“သူပုန် သူပုန် ထ ထ”

“အရေးတော်ပုံ အောင်ပါစေ”

၁၉၃၈ ခုနှစ် တတိယကျောင်းသားသပိတ်ကာလ၊ လွတ်လပ်ရေးတိုက်ပွဲအတွက် ဘဝင်ညံခဲ့သည့် ကျောင်းသား၊ အလုပ်သမား၊ လယ်သမား ပြည်သူတရပ်လုံး၏ ကြွေးကြော်သံများဖြစ်သည်။ တတိယကျောင်းသား သပိတ်ကို ခေါင်းဆောင်ခဲ့သူ တဦးဖြစ်သည့် ဗမာ နိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ (၁၉၃၈) ဒုတိယဥက္ကဌ ကိုလှရွှေက သပိတ်တပ်ကြီးကို မိန့်ခွန်းပြောရာမှာ -

“ယခုအခါ တိုင်းပြည်တခုလုံးမှာ နစ်နာ၍ လွတ်လပ်မှု မရှိသည့်အပြင် စားမှု၊ နေမှု၊ ထိုင်မှု၊ သွားမှု၊ လာမှုတို့၌လည်း ကျီးလန့်စာစားရသကဲ့သို့ ဖြစ်နေလျှင် မည်သည့်နိုင်ငံမဆို ကျောင်းသားများ နိုင်ငံရေးထဲသို့ဝင်ရောက်ရခြင်း ဖြစ်ကြောင်း၊ ထို့အတူ မိမိတို့လည်း မလွဲမရှောင်သာ ဝင်ရောက်ကြရခြင်း ဖြစ်ကြောင်း”

ဟောပြောခဲ့ပေသည်။

ဗမာပြည်သမိုင်း၏ အထူးခြားဆုံးအချက်တချက်မှာ ခေတ်ကာလတိုင်းတွင် ကျောင်းသူကျောင်းသားများသည် ဗမာပြည်နိုင်ငံရေးလှုပ်ရှားမှုသမိုင်းစဉ်တလျှောက် အရေးကြီးသည့် အစိတ်အပိုင်းတခုအဖြစ် ပါဝင်နေခြင်းပင် ဖြစ်သည်။ ထိုအစဉ်အလာသည် ယနေ့အထိ မပျက်သေး။

ကျောင်းသားလှုပ်ရှားမှုသမိုင်းတွင် ကျောင်းသားထုအကျိုး ပြည်သူလူထုအကျိုးအတွက် ပထမဆုံး အသက်ပေးခဲ့ရသည့် ဗိုလ်အောင်ကျော်မှသည် ယနေ့အထိ ကျောင်းသူ ကျောင်းသားများ၏ အသက်သွေးချွေးတို့ ပေးဆပ်၍ မဆုံးနိုင်သေး။

ဗိုလ်အောင်ကျော် ဆိုသော ကျောင်းသားသည် မတရားမှုကို နည်းနည်းလေးမျှ ငုံမခံသူ၊ ဖိနှိပ်မှုကို ဆန့်ကျင်သူ၊ ပြည်သူ့အကျိုး၊ ကျောင်းသားထုအကျိုးကို ဦးထိပ်ထားသူ။ ထိုစိတ်ဓါတ်မျိုးကို ဗိုလ်အောင်ကျော် စိတ်ဓါတ်ဟု ခေါ်ကြသည်။

ကျောင်းသားခေါင်းဆောင် ဗိုလ်အောင်ကျော်စိတ်ဓါတ်သာရှိလျှင် ယနေ့ ပြည်သူတရပ်လုံးကို ဖိနှိပ်နေသော စစ်အာဏာရှင်စနစ်ကို ပြတ်ပြတ်သားသား ဆန့်ကျင်မည်မှာလည်း အသေအချာ၊ စစ်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ကို ဆန့်ကျင်မည်မှာလည်း အသေအချာ၊ စစ်အာဏာရှင် ၂၀၁၀ ရွေးကောက်ပွဲကို ဆန့်ကျင်မည်မှာလည်း အသေအချာ။

ဗိုလ်အောင်ကျော် စိတ်ဓါတ်ဆိုသည်မှာ တွေဝေနေသည် မဟုတ်။



ဗိုလ်အောင်ကျော် ကျဆုံးခြင်း

(၇၁) နှစ်ပြည့်

ဒီဇင်ဘာလ (၂၀) ရက် ။ ၂၀၀၉ ခုနှစ်။

အုပ်စိုးသူတို့၏ အကြမ်းဖက်ဖိနှိပ်မှုကြောင့်

၁၉၃၈ ခုနှစ် တတိယကျောင်းသားသပိတ်တိုက်ပွဲအတွင်း

ကျောင်းသားလှုပ်ရှားမှုသမိုင်းတွင် ပထမဆုံးကျဆုံးခဲ့ရသည့်

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားများသမဂ္ဂ၏

ကျောင်းသားအာဇာနည် ကိုအောင်ကျော်

ကွယ်လွန်ခြင်း (၇၁) နှစ်ပြည့်

အမှတ်တရစာမျက်နှာများ

ဒီဇင်ဘာ

# ကိုအောင်ကျော်
## (ကျောင်းသားအာဇာနည်၊ ၁၉၃၈။)



၁၉၁၅ ခုနှစ်၊ ဒီဇင်ဘာလ (၂၇) ရက်နေ့ မှာ အဖ ဦးကျော်ထင် နှင့် အမိ ဒေါ်ရွှေကျော့ တို့မှ အင်္ဂပူ မြို့နယ်၊ ရုံးဇင်ရွာတွင် ဖွားမြင်ခဲ့သည်။ အလယ်တန်းပညာကို မယ်ဇလီကုန်း အမျိုးသားကျောင်းမှ အောင်မြင်ခဲ့ပြီး၊ အထက်တန်းကို ဟင်္သာတမြို့၌ သင်ကြားတတ်မြောက်ခဲ့သည်။ ထို့နောက် ဂျပ်ဆင်ကောလိပ်တွင် ဥပစာတန်း ဆက်လက် တက်ရောက်ခဲ့သည်။

ကိုအောင်ကျော်သည် မြန်မာစာပေကို အလွန် တန်ဖိုးထားပြီး၊ မြန်မာစာ အရေးအသားလည်း အလွန်ကောင်းမွန်ကြောင်း လူသိများခဲ့သူဖြစ်သည်။ စိတ်ဓါတ်ပြင်းထန်ပြီး၊ အမျိုးသားရေးလည်း သူမတူအောင် နိုးကြားသူဖြစ်သည့်အတွက် မိမိ၏စာပေအစွမ်း နှင့် အမျိုးသားရေးလှုံ့ဆော်မှုများတွင် ရှေ့တန်းကပါဝင်ခဲ့သောကြောင့် တက္ကသိုလ်ကျောင်းသား သမဂ္ဂတွင်သာမက၊ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂတွင် လည်း အလုပ်အမှုဆောင်အဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံခဲ့ရပါသည်။ ခုံဖိနပ်စီးကာ ပင်နီတိုက်ပုံကိုဝတ်ပြီး ကတုံးဆံထောက် နှင့် ကိုအောင်ကျော်သည် ကျောင်းတွင် 'ဒို့ဗမာ' အဘိဓမ္မာကို အမြဲပြောလေ့ရှိသည်။

၁၉၃၈ ခုနှစ် ဒီဇင်ဘာလ (၂၀) ရက်နေ့တွင် တတိယ သပိတ်တိုက်ပွဲ၌ နယ်ချဲ့မြင်းစီးပုလိပ်တို့၏ ရိုက်နှိပ်ခံခဲ့ရပြီး၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ရိုက်နှိပ်ခံရသည့် ဦးခေါင်း ဒဏ်ရာကြောင့် ဆေးရုံ၌ ကွယ်လွန်ခဲ့သည်။

ကိုအောင်ကျော် သေဆုံးခဲ့ပြီးနောက် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် တနိုင်ငံလုံး အစည်းအဝေးများ ကျင်းပကာ ပြည်သူများ၏ ထောက်ခံမှုဖြင့် ကိုအောင်ကျော် ဈာပန ကော်မတီက 'နေမျိုးသီဟသူရ ဗိုလ်အောင်ကျော်' ဟူသော ဘွဲ့ဖြင့် ဂုဏ်ပြုခဲ့ကြပါသည်။

# အမှတ်တရ ကဗျာ



## ဒီ ဇင် ဘာ ၂၀ ရက် တမ်း ချင်း
## သို့ မ ဟုတ်
## ရဲ ဘော် ရဲ့ က ဗျာ

တင်းတင်းကိုက်ထားတဲ့
ငါ့ရဲ့နှုတ်ခမ်းဟာ
ဖြန်းကနဲကွဲထွက်
သွေးအစက်စက် စီးလိမ့်လာတယ်။

ငါအံကြိတ်ပြီး
လက်သီးကိုတင်းတင်းဆုပ်မိတယ်။

ဗိုလ်အောင်ကျော်
ရဲဘော်ဟာ
ဒီနေရာမှာ ကျဆုံးသွားခဲ့တယ်။

ကတ္တရာ လမ်းကိုခွာ
ရာဇဝင်ရှပ်ရေး အရ
သူတေသနလုပ်ရင်
ရဲဘော်ရဲ့
နီမြန်းတဲ့ ဂုဏ်ပုဒ်ကို တွေ့ရမယ်။

ဘယ်သူတွေ ငြင်းနိုင်မလဲ
စီးဆင်းခဲ့တဲ့ ရဲဘော်ရဲ့သွေးတွေအကြောင်း။

သင်းတို့တတွေက
ရဲဘော်ရဲ့ ဂုဏ်အထူးထူးကို
ဖော်ကျူးဖို့ ငြင်းဆန်ကြတယ်။

ဘယ်သူတွေ ရှိဦးမလဲ
ရဲဘော် မုန်းခဲ့တဲ့ သူတွေပေါ့
သင်းတို့ အမုန်းကို
ရဲဘော်က စိမ်းကားတဲ့အပြုံးနဲ့
ပြုံးမှာပဲ ယုံတယ်။

စပါးတာကပ်(စ်) ရဲ့ဂုဏ်ရောင်
ကုန်းဘောင်သူပုန်
ဂဠုန်ဆရာစံ
ငုယင်ဗန်ထရှိုင်း
အတိုင်းမသိသော
ချေဂွေဗားရား စသော
အာဇာနည် ထောင်သောင်းတို့နဲ့အတူ
ရဲဘော်ဟာ နီရဲဝင်းလက်ခဲ့တယ်။
တရားတဲ့ ပြည်သူတွေရဲ့တိုက်ပွဲမှာ
ရဲဘော်ရဲ့သွေးဟာ နီရဲခဲ့တယ်။

ပြည်သူချစ်တဲ့
အာဇာနည်အနှစ်ဟာ
ဘယ်ခေတ်မှာမဆို
နုပျို စိမ်းလန်းနေမှာပဲ။
မှချယုံတယ်။



# အမှတ်တရ ကဗျာ

ဗိုလ်အောင်ကျော် ရဲဘော်
ဒီနေရာမှာ တို့ဟာ
စာရွက်တွေ အတူတူဝေခဲ့ဖူးတယ်။

ဗိုလ်အောင်ကျော် ရဲဘော်
တို့ဟာ ဒီနေရာမှာ
ရဲဘော်ကို အကြိမ်ကြိမ် ဂုဏ်ပြုခဲ့ဖူးတယ်။

ရဲဘော်ရဲ့ အခန်းဆက်တိုက်ပွဲ
ရဲဘော်ရဲ့ တရားတဲ့တိုက်ပွဲတွေအကြောင်း
ဒီနေရာကိုလာပြီး
ရဲဘော်ရဲ့ စီးဆင်းခဲ့တဲ့
နီရဲတဲ့ သွေးစက်တွေပေါ်မှာ
ငါ့ရဲ့ဖြူဃော်နေတဲ့ မျက်ရည်နဲ့
သူရသတ္တိမဲ့တဲ့ ရှိုက်သံနဲ့
ရဲဘော်ရဲ့ ဂုဏ်အခန်းခန်းကို
ညစ်နွမ်းအောင် ငါမလုပ်ဘူး။

ကဗျာတပုဒ်
ဟုတ်တယ် ငါ့ရဲ့ကဗျာတပုဒ်
ရဲဘော်ရဲ့ဂုဏ်ပုဒ်ကို ဖော်ထုတ်ဖို့
ကြိုးစားတဲ့ကဗျာတပုဒ်။

လက်ခံပါရဲဘော်
အော်ဟစ်ပြီး ငါပန်ကြားတယ်။

ပြန်ငြင်းပါရစေ
ဒီကဗျာဟာ ငါ့ရဲ့ကဗျာမဟုတ်ဘူး။

ဖတ်ကြည့်စမ်းလေ
စီးဆင်းခဲ့တဲ့သွေးစက်တွေရယ်
ဘယ်သူ့သွေးလဲ
ရဲဘော်ရဲ့ပူနွေးတဲ့သွေး
မခမ်းခြောက်တဲ့သွေးတွေ။

အို .... ရဲဘော်ရဲ့ သွေးအစက်စက်နဲ့
ရဲရဲလက်လက်
သီယှက်ထားတဲ့
ရဲဘော်ရဲ့ ကဗျာပါလား။ ။

**မောင်လေးအောင်**

# အမှတ်တရ စာ



# လူငယ်

ဤနေ့ကား မြန်မာပြည် ကျွန်သက် (၅၃) နှစ် တင်းတင်းပြည့်သော နေ့ပေတည်း။ အချိန်ကား (၉) နာရီခန့် ရှိပေမည်။ မိုးကား တဖွဲဖွဲနှင့် ရွာလျက်ရှိ၏။ အသက် (၁၆) နှစ်ခန့်ရှိသော လူငယ် တယောက် သည် အဆောင်းလည်းမပါ၊ မိုးရွာသည် ကိုလည်း ဂရုစိုက်ဟန်မတူ၊ တယောက်တည်း ခပ်ဖြည်းဖြည်း ပင် သမဂ္ဂရုံးသို့ ရောက်လာပေပြီ။ တံခါးဝသို့ ရောက်သောအခါနောက်သို့တချက်ငဲ့၍ ကြည့် လိုက်၏။ ထို့နောက် ခုံဘိနပ်ကို ချွတ်လိုက်၏။ ကုတ်အင်္ကျီကို စက္ကန့်အနည်းငယ်မျှ စိုက်ကြည့်နေ၏။ ကြည့်ရင်းမျက်နှာ၌ သဘော မကျသော အခြင်းအရာတို့ ပေါ်လာ၏။ ချက်ခြင်းအင်္ကျီကို ချွတ်လျက် ဘေးသို့ချလိုက်၏။ ထို့နောက် အသင်း ရုံးရှေ့မြက်ခင်းပေါ်သို့ ဆင်းသွားလေ၏။ ဒေါင်း အလံကြီးက မိုးရေထဲတွင် တိုင်တဝက်၌ တည် လျက်ရှိ၏။ ခြေကိုစုံရပ်၍ ခေါင်းငုံ့လျက် (၂) မိနစ် ခန့် အလံကို အရိုအသေပေးနေ၏။ မိုးပေါက်တို့က သူ၏ခေါင်းပေါ်သို့ ကျလျက်ရှိ၏။ ဒေါင်းအလံကို တချက်မျှမော်ကြည့်ပြီးနောက် အသင်းရုံးထဲ သို့ဝင်ကာ ချွတ်ထားသော အင်္ကျီနှင့်ဘိနပ်ကို ဝတ်လျက် အပေါ်ထပ်သို့ တက်သွားလေ၏။

တဖက်ခန်း၌ကား ဘယ်သူမျှမရှိပေ၊ လူငယ် သည် အခန်းထဲသို့ဝင်ကာ ဟိုဟိုသည်သည် လျှောက်၍ကြည့်လေ၏။ လူငယ်၏ မျက်လုံးတို့ သည် အလင်းသတင်းစာဆီသို့ ရောက်သွား၏။ မျက်လုံးနှင့် အတူတူပါသွားပြီးလျှင် သတင်း စာကိုယူလျက် ကုလားထိုင် တလုံးတွင်ဝင်၍ ထိုင်လိုက်၏။ စာရွက်တရွက်ပြီး တရွက်လျှောက်၍ လှန်လာရာ အလယ်နားသို့ ရောက်၍လာတော့၏။ စာရွက်က အခြားစာရွက်များနှင့်မတူ၊ စာလုံးတို့က အစိမ်းရောင်တို့ဖြင့် နှိပ်ထားကုန်လေ၏။ လူငယ် ၏လက်သည် ရပ်၍သွားလေ၏။ မျက်လုံးတို့သည် စာကိုစူးစိုက်၍ နေကြတော့၏။ တခန်းလုံးကား တိတ်လျက်ရှိ၏။ သူကား စာမျက်နှာ လေးမျက်နှာ ခန့် ဖတ်ပြီးသည့်နောက်တွင် ကုလား ထိုင်ပေါ်တွင် ခေါင်းကိုငဲ့၍ မလှုပ်မယှက် နေတော့လေ၏။

အခန်းဘေးရှိ အမှုဆောင်ဟောင်းများ၏ ပုံတို့သည် သူ့အားစိုက်ကြည့်လျက်ရှိ၏။ မျက်တောင်ကား အနည်းငယ်မျှ မခတ်၊ ရှေ့တွင် ရှိသော သတင်းစာကို ဝါးစားမတတ်စိုက်၍ ကြည့် နေလေ၏။ ကြည့်ရင်းကြည့်ရင်း မျက်နှာမှာ ပြောင်း၍ လာတော့၏။ တဖြည်းဖြည်း ဒေါသ ရောင်လွှမ်း၍ လာတော့၏။ မျက်လုံးသည် ကျယ်၍ ကျယ်၍ လာတော့၏။ လူလည်းရှေ့သို့ ကိုင်း၍ လာပေ၏။ ထို့နောက် =တောက်+ ဟု ခပ်ပြင်း ပြင်းခေါက်ခါ နေရာမှထလိုက်၏။ ထပြီးနောက် ဘေးပတ်လည်ကို ကြည့်လိုက်၏။ အမျိုးသား နေ့တွင် ကိုင်ရန်၊ လျှောက်ရန် စာတမ်းများမှာ အုတ်များနှင့်ကပ်လျက် နံရံတွင် ထောင်၍ ထား ပေသည်။ စာတမ်းတခုသည် သူ့အားရှေးဦးစွာ ဆီး၍ နှုတ်ဆက်လေသည်။ လူကားတွေလည်း ရှိပေ၏။ နဂိုက ဒေါသရောင် လွှမ်းသော



# အမှတ်တရ စာ

မျက်နှာသည် ပို၍ တင်းမာလာပေ၏။ မျက်လုံးများမှာ ထိုစာတမ်းကို စိုက်ကြည့်နေရာမှ သတင်းစာ ဘက်သို့ တဖန်ပြန်၍ ရောက်လာပြန်သည်။ သတင်းစာထဲရှိ ဓါတ်ပုံတို့သည် သူ၏ ရှေ့တွင် မလှုပ်မယှက် တည်လျက်ရှိ နေ၏။ မျက်လုံးထဲမှ မျက်ရည်တို့သည် မျက်တောင် နှစ်ချက်အခတ်၌ သတင်းစာပေါ်သို့ ကျကာ ဓါတ်ပုံများကို သွား၍ကန်တော့ကြလေ၏။ ခေါင်း သည် တဖန်ပြန်၍ ထောင်လာပြန်၏။ မျက်လုံး တို့ကား နေရာပြောင်း၍ ကျက်စားနေကြပြန် လေ၏။ လူတကိုယ်လုံး ခေါင်းနှင့် မျက်လုံးများသာ လှုပ် လျက်ရှိပေ၏။

'သည်းညည်းခံလျှင် သူ့ကျွန်ဖြစ်'

ဟူသောစာတမ်းသည် သူ၏မျက်လုံးကိုဆီး၍ ဧည့်ခံပြန်၏။ လူငယ်၏စိတ်နှင့်စာတမ်းသည် သဘောချင်း တိုက်ဟန်တူ၏။ မျက်လုံးတို့သည် ပိုမို၍စူးစိုက်လာ၏။ မျက်နှာမှာပိုမို၍ ခက်ထန် လာပေ၏။ အံသွားတို့ကို ကွဲသွား မတတ်ကြိတ် လိုက်၏။ ကျစ်ကျစ် ပါအောင် ဆုတ်ထားသော လက်မှာ အထက်သို့ အနည်း ငယ်မြောက်လာ၏။ မျက်စေ့ကား . . . သတင်း စာသို့ လည်ပြန်လေ၏။

မရှေးမနှောင်းပင် 'ဟင်း' ဟု သက်မ ကိုချ လိုက်၏။ သတင်းစာထဲရှိဓါတ်ပုံတို့မှာ ယခင် အတိုင်း ပင်ရှိသေး၏။ စာများကား လူငယ် ၏ စိတ်နှင့် အမူ အရာကိုသိကြဟန်မတူ၊ ဤအကြိမ် ခေါင်းလှည့် လိုက်သောအခါ 'ကြောက်မွေးပါ ဇာဂနာနဲ့နူတ်' ဟူသော စာတမ်းဆီသို့ မျက်မှန်းတမ်း၍ သွား လေ၏။ သူငယ်မျက်နှာသည် အနည်းငယ် ပြုံးယောင် ယောင်ရှိလာပြီးနောက် မျက်စေ့ကို နေရာရွှေ့ သွားပြန်လေ၏။ 'သွေးစုပ်ကောင်တွေ သတ်ပစ်' အစရှိသဖြင့် ရေးထားသည့် စာတမ်းကြီးအား ပေါက်၍သွားမတတ် စိုက်၍ ကြည့်နေပြန်လေ၏။ သူ့မျက်နှာသည် မှောင်မဲ၍လာကာ လူလည်း အနည်းငယ် တုန်လာပေ၏။ မျက်နှာကား ဘီလူးဝင် သကဲ့သို့ ထင်ရ၏။ တဖန် သတင်းစာကို စူးစိုက် ကြည့်နေပြန်လေ၏။ ကြည့်လေကြည့်လေ ပို၍ ကြောက်စရာ ကောင်းလာပေတော့၏။ မရှေး မနှောင်းပင် 'ဒုံး' ဟု စားပွဲကိုလက်သီးနှင့် ထုလျက် 'ရိုင်းလိုက်လေကွာ' ဟုဆိုကာ အခန်းတွင်းမှ ရုတ်တရက် ထွက်သွားတော့၏။ အခန်းတွင်းကား ပိုမိုတိတ်ဆိတ်လျက် ကျန်ရစ်လေ၏။ စာအုပ်များမှာ ဖတ်သူကို မျှော်လျက် ရှိကြကုန်၏။ အမှု ဆောင် များ၏ ဓါတ်ပုံ များကား နံရံပေါ်တွင် မလှုပ်မယှက် တည်မြဲ တည်လျက် နေပေ၏။

'အမျိုးအတွက် အသက်စွန့်လေ့' ဟူသော စာတမ်းလေးမှာ လေတိုက်သဖြင့် အနည်းငယ် လှုပ်၍သွားပေတော့၏။ အပြင်တွင် မိုးကား ရွာလျက်ပင်။

**ကိုအောင်ကျော်**

('ကိုအောင်ထွန်း'ရေးသားပြုစုသည့် 'မြန်မာနိုင်ငံ ကျောင်းသားလှုပ်ရှားမှုသမိုင်း' စာအုပ်မှ ကူးယူ ဖော်ပြပါသည်။)

အထူးဝင်း

# ဒေါက်တာလှရွှေ

## (ကျောင်းသားသမဂ္ဂခေါင်းဆောင်၊ ၁၉၃၆-၁၉၄၀)



ပျဉ်းမနားမြို့၌ ၁၂၇၆ ခု၊ နယုန်လပြည့်ကျော် (၁၂) ရက်နေ့တွင် ဖွားမြင်၍ ဖျာပုံမြို့တွင် ကြီးပြင်းခဲ့ရ၏။ ၁၉၃၁ ခုနှစ်တွင် ရန်ကုန်တက္ကသိုလ်၌ စတင်ပညာသင်ကြား၍ ဆေးအတတ်ပညာကို ဆက်လက် သင်ယူ ခဲ့သည်။ ၁၉၃၆-၃၇ ခုနှစ်တွင် တကသ အတွင်းရေးမှူး၊ ၁၉၃၈-၃၉ ခုတွင် တကသ ဒု-ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်ခဲ့၍ ၁၉၃၉-၄၀ ခုတွင် တကသ ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခြင်းခံရသည်။

၁၉၃၈-၁၉၃၉ ခုနှစ် ၁၃၀၀ ပြည့်အရေး တော်ပုံကြီးတွင် သမဂ္ဂဥက္ကဋ္ဌ ကိုဗဟိန်း ဖမ်းခံရပြီးနောက် ကိုလှရွှေသည် အရေးတော်ပုံကြီးကို ဆက်လက်ခေါင်းဆောင်ကာ တိုက်ပွဲဝင်ခဲ့သည်။ ၁၃၀၀ ပြည့်အရေးတော်ပုံကို ဆက်လက်ခေါင်းဆောင်ရင်း အဖမ်းခံခဲ့ရသည်။ ၁၃၀၀ပြည့်အရေးတော်တွင် သပိတ်တပ်ကြီးကို အပြည့်အဝဦးဆောင်မှုပေးနိုင်ခဲ့သည့်အတွက် အာဏာရှင်လှရွှေဟု ကျော်ကြားခဲ့သည်။

ကိုလှရွှေသည် ဆရာဝန်ဘွဲ့ကို ၁၉၄၀-၄၁ ခုနှစ်တွင် ဆွတ်ခူးပြီးနောက်၊ ဆေးပညာဖြင့် အသက်မွေးကာ အေးချမ်းစွာနေခဲ့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ဆေး ပညာ ဆက်လက်ဆည်းပူးရန် အင်္ဂလန်နိုင်ငံသို့အသွား ၁၉၄၇ ခုနှစ် ဩဂုတ်လ (၂၃) ရက်နေ့တွင် ပါရှန်း ပင်လယ်ကွေ့၊ ဘာရိန်းကျွန်းအနီးတွင် လေယာဉ်ပျက်ကျ၍ ကွယ်လွန်ခဲ့သည်။

မောင်ကြည့်ဆွေ (ဒဂုံ)

# အာဏာသိမ်းစစ်တပ် နှင့် ကျောင်းသား

ကျွန်တော်တို့ကျောင်းသားတွေဟာ မိမိတို့ ရသင့်ရထိုက်တဲ့ ကျောင်းသားအခွင့်အရေးတွေ၊ အမျိုးသားဂုဏ်သိက္ခာတွေအတွက် တိုက်ပွဲဝင် တောင်းဆိုခဲ့တာဟာ ဟိုးကိုလိုနီလက်ထက် ကတည်းက ဖြစ်ပါတယ်။ အင်္ဂလိပ်ကိုလိုနီ လက်အောက် ကျွန်ပညာရေးစနစ် ဖျက်သိမ်းပေးဖို့ကစလို့ လွတ်လပ်ပြီး အချုပ်အခြာအာဏာရှိတဲ့ နိုင်ငံဖြစ်လာတဲ့အထိ ကျောင်းသားတွေဟာ ပေးဆပ်မှုပေါင်း များစွာနဲ့ အဆင့်ဆင့် တိုက်ပွဲဝင် တောင်းဆိုခဲ့ ကြပါတယ်။ ဒါကြောင့်လည်း အုပ်ချုပ်ခံ ဘဝကနေ လွတ်လပ်တဲ့ နိုင်ငံဖြစ်လာရတာတွေဟာ သမိုင်းသက်သေတွေဘဲမဟုတ်လား? အမျိုးသားနေ့၊ လွတ်လပ်ရေးနေ့ ဆိုတာတွေဟာ ကျောင်းသားတွေရဲ့ ဦးဆောင်မှုနဲ့ ပြည်သူတရပ်လုံး ပါဝင်လာနိုင်လို့ ရရှိခဲ့တဲ့ အကျိုးအမြတ်တွေဖြစ်တာပေါ့။ ပြောချင်တာက ကျောင်းသားတွေဟာ ဟိုးကိုလိုနီခေတ်ကတည်းကစလို့ တိုင်းပြည်လွတ်လပ်ရေးရခဲ့ပြီးတဲ့အထိကနေ ယနေ့ အထိတိုင်အောင် မြန်မာ့နိုင်ငံရေးစနစ်နဲ့ တိုင်းပြည် တိုးတက်ပြောင်းလဲဖို့ကို အသက်တွေ ရင်းပြီးတော့ အားသွန်ခွန်စိုက် ကြိုးပမ်းခဲ့ကြတယ်လို့ ပြောချင်တာပါ။ အဲ့ဒီလို ပြည်သူတွေ သခင်စိတ်ဓာတ်ဖြစ်လာအောင် လွတ်လပ်ရေးအရယူ ပေးခဲ့တာကိုမှ မထောက် လွတ်လပ်ရေးရပြီး ၁၀ နှစ် အကြာမှာ နိုင်ငံရေးစနစ် မခိုင်မြဲသေးတာကို အခွင့်ကောင်း ယူပြီး စစ်တပ်က အာဏာသိမ်းယူတယ်ဆိုတဲ့ အနာဂတ်တိုင်းပြည်အတွက် မကောင်းတဲ့အကျင့် ဆိုးကို စတင်ကျင့်သုံးလာခဲ့ကြပါတယ်။ အဲ့ဒီ တော့ ကျောင်းသားတွေဟာ စာသင်ခန်းထဲမှာ မနေနိုင်ပြန်တော့ဘူး။ တိုင်းပြည်ကောင်းစားဖို့ ဆက်ပြီး ကြိုးစားကြရပြန်တာပေါ့။ အဲ့ဒီလို စစ်တပ်က ပထမဦးဆုံး အာဏာလုယူလိုက်တဲ့ အချိန်ကစလို့ ကျွန်တော်တို့ ကျောင်းသားတွေဟာ ဒီမိုကရေစီစနစ် အမိမြန်မာနိုင်ငံမှာ ပြောင်းလဲထွန်းကားဖို့ အသက်တွေ၊ ဘဝတွေပေး ကြိုးစားလုပ်ဆောင်နေခဲ့ကြတာ အခုဆိုရင် အနှစ် (၅၁) ပြည့်ခဲ့ပါပြီ။ အဲ့ဒီလိုဘဲ စနစ်ဆိုးကြီးကို ပြုပြင်ပြောင်းလဲဖို့ ကြိုးစားခဲ့ကြတဲ့ ရဟန်း ရှင်လူ ပြည်သူ ကျောင်းသားတွေကို သတ်ဖြတ်ဖမ်းဆီး ဖိနှိပ်ဖို့ စစ်တပ်က တတိယအကြိမ် အာဏာသိမ်းခဲ့တာလည်း ဒီနေ့ဆိုရင် အနှစ် (၂၁) ကျော်ပါပြီ။

ကျွန်တော်တို့ကျောင်းသားတွေဟာ အာဏာရှင်စစ်အစိုးရကို မလိုလားဘူးဆိုတာ ၅၈ ခုနှစ်က ဦးနုဒီမိုကရေစီအစိုးရကို ဗိုလ်နေဝင်း ခေါင်းဆောင်တဲ့ စစ်တပ်က အကြပ်ကိုင်ပြီး အာဏာလွှဲပြောင်းယူခဲ့တာကိုလည်း ပြင်းပြင်းထန်ထန် ကန့်ကွက်ရှုံ့ချခဲ့သလို၊ (၆၂) အာဏာသိမ်းတုန်းက နောင်တော်ကျောင်းသားကြီးတွေ ဒီစစ်အာဏာ သိမ်းတဲ့လုပ်ရပ်နဲ့ ပတ်သက်ပြီး တရားဝင် ကန့်ကွက် ဆန္ဒပြခဲ့ကြတာဟာ သမိုင်းဝင် ၇ ဇူလိုင် ကျောင်း သားလှုပ်ရှားမှုကြီးက သက်သေဘဲလေ။ ၈၈ အာဏာသိမ်းတုန်းကလည်း အကိုတော် ကျောင်းသားတွေဟာ ပြင်းပြင်းထန်ထန် ကန့်ကွက် ရှုံ့ချခဲ့တယ်။ ဘယ်လိုဘဲစဉ်းစားစဉ်းစား နိုင် ငံတော်အာဏာကို စစ်တပ်က သိမ်းယူတယ်ဆိုတာ မဖြစ်သင့်မဖြစ်ထိုက်၊ မလုပ်သင့် မလုပ်ထိုက်တဲ့ကိစ္စ၊ ကုန်ကုန်ပြောရမယ်ဆိုရင် နိုင်ငံတနိုင်ငံမှာ လုံးဝမရှိသင့်တဲ့ အလွန်ဆိုးဝါးတဲ့ လုပ်ရပ်ဘဲ။ အခုလို ကျွန်တော်တို့တိုင်းပြည်မှာ စစ်တပ်က အာဏာသိမ်းယူတယ်ဆိုတဲ့ အစဉ်အလာဖြစ်နေတာကို ကျွန်တော် တို့

ကျောင်းသားထုက ဒီနေ့ထိ လုံးဝ လက်မ ခံခဲ့ဘူး။ နောင်ကိုလည်း လုံးဝဆန့်ကျင် ရှုံ့ချသွား မှာဖြစ်တယ်။

စစ်အာဏာရှင်တွေ တောက်လျှောက် သုံးခဲ့တဲ့ တိုင်းပြည်ချောက်ထဲ ကျခါနီးလက်တလုံး အလိုမှာ စစ်တပ်က ကယ်တင်လိုက်ရပါတယ် ဆို တဲ့ လိမ်ညာဝါဒဖြန့်စကားတွေကို ကျွန်တော်တို့ ကျောင်းသားတွေက အယုံအကြည်မရှိ၊ လုံးဝ လက်မခံပါဘူး။ ဒါကြောင့်လည်း အာဏာရှင် တွေက သူတို့ကို တောက်လျှောက် လက်မခံဘဲ ပြတ်ပြတ်သားသား တော်လှန်ခဲ့တဲ့ ကျောင်းသား တွေကို အငြိုးကြီးခဲ့တာပဲဖြစ်တယ်။ ခေတ်အဆက် ဆက် အာဏာသိမ်းပြီးနောက်ပိုင်းမှာ ကျောင်းသား တွေကို ရက်ရက်စက်စက် သတ်ဖြတ်၊ မတရား ဖမ်းဆီးနှိပ်စက်၊ နှစ်ရှည် ထောင်ဒဏ်ချမှတ်တာ တွေဟာ အာဏာရှင်ဆိုတာ ဘာလဲဆိုတာကို ပေါ်ပေါ် ထင်ထင်ပြသခဲ့ခြင်းဘဲ ဖြစ်ပါတယ်။ ၈၈၈၈ မှာ တပါတီ အာဏာရှင်စနစ်ကို ဖြုတ်ချခဲ့ တဲ့ ကျောင်းသားတွေ အပေါ်မှာ လဲ ဒီဘက်ခေတ် စစ်တပ်က ပိုလို့ တောင် အာဃာတ ကြီးကြီးနဲ့ကို ရက်စက်နေတယ်ဆိုတာ ကျွန် တော်တို့ ကိုယ်တိုင်ကြုံ တွေ့နေရ တုန်းဘဲမဟုတ်လား။

စစ်အာဏာရှင်တွေရဲ့ အဆိုးဝါးဆုံးလုပ်ရပ်က သူတို့ ကျင့်သုံးနေတဲ့၊ နိုင်ငံရေးစနစ်ကို အန္တရာယ်လို့မမြင်ဘဲနဲ့ အဲ့သည့် စနစ်ကို ထောက်ပြသူတွေ၊ ပြုပြင် ပေးဖို့ တောင်းဆိုနေသူတွေကိုသာ အန္တရယ် လို့မြင်ပြီးတော့ ရက် ရက်စက်စက် နှိပ်ကွပ်နေတာဟာ ဆိုးဝါးအကျည်း တန်ပြီး အလွန် ဝမ်းနည်းဖို့ ကောင်းပါတယ်။ ဒါကြောင့်လည်း တိုင်းပြည် ထူထောင်ဖို့၊ ဆုတ် ယုတ်ကျဆင်းနေတဲ့ မြန်မာပြည်ကြီးကို ပြုပြင် ပြောင်းလဲဖို့လုပ်ရမဲ့ ကျောင်းသား လူငယ်တွေရဲ့ အသက်တွေ၊ ဘဝတွေ၊ တန်ဖိုးအရှိဆုံး အချိန်တွေ ဟာ ဒီစစ်အာဏာရှင်တွေကြောင့် ထောင်ထဲမှာ ဝမ်းနည်းကြေကွဲစရာ ကုန်ဆုံးနေခဲ့ကြရပါတယ်။

ကျောင်းသားသွေးနဲ့ ခြေဆေးပြီး အာဏာသိမ်းခဲ့တဲ့ ဦးနေဝင်း လက်ထက် ကတည်း က နိမ့်ကျလာတဲ့ ပညာရေး အဆင့်အတန်းဟာ နဝတ၊ အခုနအဖလက်ထက်မှာ အဆိုးဆုံးအဆင့် ထိကို ကြောက်စရာကောင်းလောက်အောင် ကျ ဆင်းလာပြီ။ အောင်မြင်မှုမရှိဘဲ အမျိုးမျိုး စမ်းသပ် ကျင့်သုံးနေတဲ့ ပညာရေးစနစ်၊ သင်ကြားမှု အထောက် အကူပြု ပစ္စည်းကိရိယာ ပြည့်စုံလုံလောက်မှု မရှိတဲ့ ပညာရေးစနစ်၊ ပိုက်ဆံပေးရင် အောင်တဲ့ အတန်း စနစ်၊ အဝေးသင် တက္ကသိုလ်ဆိုတဲ့ စာသင်နှစ် ၃ နှစ်အတွင်း စာသင်ရက် ရက် (၃၀)၊ ရက် (၆၀) လောက်နဲ့တင် ဘွဲ့ရတဲ့ ပညာရေးစနစ်၊ ကျောင်း သား သမိုင်းတွေ၊ ဗိုလ်ချုပ်အောင် ဆန်းလို အာဇာနည် ခေါင်းဆောင် တွေ အကြောင်းကို ဖတ်စာအုပ်မှ ဖယ်ထားတဲ့ သင်ရိုးညွှန်းတမ်းများ၊ ကျူရှင်မယူမဖြစ်အောင် ဖန်တီးထား တဲ့ ပညာရေးအခြေအနေ၊ တက္က သိုလ်ကျောင်းတွေကို ဝေးလံတဲ့ မြို့ စွန်လယ်ကွင်း ရွှံ့ဗွက်တွေထဲ ပို့ကာ ကျောင်းသားတွေရဲ့ဂုဏ်၊ အညွှန့် တလူလူတက်နေတဲ့စိတ်ဓာတ် တွေကို ရိုက်ချိုးခဲ့ တဲ့ လုပ်ရပ်တွေ၊ အရွယ်မရောက် သေးတဲ့ ကျောင်းသားတွေကိုပါ အတင်းအဓမ္မ ကြံ့ဖွံ့ထဲဝင်ခိုင်းတာတွေ၊ သူတို့ရဲ့ ဘာဖွင့်ပွဲ ညာဖွင့် ပွဲတွေနဲ့ ဝါဒဖြန့်ဟောပြောပွဲ တွေ ကို မတက်မနေရ အကြပ်ကိုင်

> ခေတ်အဆက်ဆက် အာဏာသိမ်းပြီး နောက်ပိုင်းမှာ ကျောင်း သားတွေကို ရက်ရက် စက်စက် သတ်ဖြတ်၊ မတရား ဖမ်းဆီးနှိပ်စက်၊ နှစ်ရှည် ထောင်ဒဏ် ချမှတ်တာတွေဟာ အာဏာရှင်ဆိုတာ ဘာလဲဆိုတာကို . . .

ခြိမ်းခြောက် တက်ခိုင်းပြီး သဘော မတူဘဲ ထောက်ခံခိုင်း တာတွေ၊ အမျိုးမျိုး မတရား တဲ့ ကျောင်းစည်းကမ်း တွေထုတ်ပြီး ကန့်သတ်ချုပ် ချယ်မှု လုပ်တာတွေ၊ ကြံ့ဖွံ့အဖွဲ့ဝင်မဟုတ်ရင် စာပေ သင်ကြားမှုမှာ နိမ့်ကျခွဲခြားခံရတာတွေဟာ ဒီအာဏာ သိမ်းစစ်အုပ်စုရဲ့ ပညာရေးစနစ်ကို စနစ်တကျ ဖျက်ဆီးနေတဲ့ လုပ်ရပ် တွေဘဲ ဖြစ်ပါတယ်။ ဒါတွေဟာ အာဏာသိမ်း စစ်အုပ်စု လက်အောက်မှာ ကျွန်တော်တို့ကိုယ်တိုင် လက်ငင်း ကြုံတွေ့နေရတဲ့ ကျောင်းသားထုရဲ့ ခံစားမှုပါပဲ။ ဒီစစ်အုပ်စုက ကျောင်းသားတွေအတွက် အားကြိုးမာန်တက် ဆောင်ရွက်ပေးတာဆိုလို့ ဘာတွေရှိသလဲ? မြန်မာ ပြည်အနှံ့ ထောင်တွေ တိုးချဲ့ဆောက်လုပ်ပေးတာဘဲ ရှိတယ်။

ဆရာတွေလည်း ဘဝရပ်တည်ဖို့ လုံလောက်တဲ့ လစာထောက်ပံ့မှု မရှိတဲ့ အတွက်ကြောင့်မို့လို့ ကျူရှင်ပြ စားလာကြပါတယ်။ ကျောင်းသားတွေသူတို့ဆီမှာ ကျူရှင်မယူမဖြစ် ယူအောင် ကျောင်းမှာ ထိရောက်စွာ သင်ကြားပို့ချမှု မလုပ်တော့တာတွေ၊ စာမေးပွဲ အအောင် ပေးဖို့ ကျောင်းသားတွေဆီက တံစိုးလက်ဆောင်ယူရင် တဖြည်းဖြည်း နဲ့ စိတ်ပိုင်းဆိုင်ရာ ယိုယွင်း ပျက်ဆီးလာနေကြပြီ။ ဆရာတွေ သင်ကြားမှု အရည်အချင်း ညံ့ဖျင်းလာခြင်း ကြောင့် ကျောင်းသားတွေဟာ စာလိုက်နိုင်ဖို့ မဖြစ်မနေ ကျူရှင်တက်ရင်း ကျောင်းနဲ့ကျူရှင်၊ ကျူ ရှင်နဲ့ ကျောင်း ကြားပြေးများကာ အချိန်တွေကုန်၊ ပိုက်ဆံတွေကုန်နေကြရတယ်။ အဲ့သည်လို အပို ကျူရှင်ယူရတဲ့ အခြေအနေတွေကြောင့် ထမင်း ပုံမှန် စားနိုင်ဖို့ လုံးပမ်းနေရတဲ့ ဆင်းရဲသား လူတန်း စားဟာ စာမေးပွဲမအောင်နိုင်တော့ဘဲ စာသင်ခန်း တွေကနေ ပြင်ပလောကကို လွင့်စင်သွားကြသည် မှာ မရေမတွက်နိုင် အောင်ရှိခဲ့ရတာပညာရေး လောကအတွက် အလွန်ရှက်စရာကောင်းတဲ့ ဖြစ် ရပ် ဖြစ်ပါတယ်။ ဉာဏ်ကြီးရှင် နအဖ ရဲ့ စာသင် ချိန် ၁၀ ရက်၊ ရက် ၂၀ နဲ့တင် စာမေးပွဲဖြေခိုင်းတဲ့ အဝေးသင်မှာ သင်ရိုးကုန် သင်ဖို့လည်း အချိန် လည်း မရှိ၊ စာတက်စရာ အကြောင်းလည်းမရှိ၊ စာမေးပွဲအောင်စရာ အကြောင်းလည်းမရှိတာ တွေကြောင့် ဆရာတွေဟာ ကျူရှင်သင်၊ မေးခွန်း ရောင်းစား၊ အအောင်ပေးဖို့ ဖြစ်လာရခြင်း ဘဲဖြစ်ပါတယ်။ ဒါဟာ စစ်အာဏာရှင်တွေက တမင် တကာ ဖန်တီးပေးထားတဲ့ လာဘ်ပေးလာဘ်ယူစနစ်ကြောင့်ပါဘဲ။ ဒါတွေအားလုံးဟာ အာဏာ သိမ်း စစ်အုပ်စုရဲ့ ရည်ရွယ် ချက်ရှိရှိ စနစ် တကျ နဲ့ကို လူငယ် မျိုးဆက် တွေရဲ့ စိတ်ဓါတ်နဲ့ အကျင့် စာရိတ္တကို ဖျက်ဆီးနေတဲ့အပြင်၊ ကျောင်းသား တွေကို ဘဝတ သက်တာ လူတော မတိုးနိုင်တဲ့ ပညာရေးကိုပေး နေတာဘဲ ဖြစ်တယ်။

သူများနိုင်ငံမှာ တိုင်းပြည် အဆင့်အတန်းမြှင့်ဖို့၊ တိုးတက်ဖို့ အတွက် ပညာရေး အဆင့်အတန်း မြင့်မားအောင် အားပေးကူညီ ထောက်ပံ့မှုတွေလုပ်နေတဲ့ မျက်မှောက်ခေတ်မှာ ကျွန်တော်တို့ နိုင်ငံက စစ်အာဏာရှင် တွေကတော့ တိုင်းပြည်ကို မိမိတို့စိတ်တိုင်းကျ ချုပ်ကိုင်နိုင်ဖို့၊ မိမိတို့ရဲ့ အကြီးအကျယ် မှားယွင်းနေတဲ့ အုပ်ချုပ် မှုစနစ်ကြီးကို ဖုံးဖိနိုင်ဖို့၊ မိမိတို့ရဲ့ မိုက်မဲဉာဏ်နည်းတဲ့ လုပ်ရပ် တွေကို မရိပ်မိနိုင်ဖို့အတွက်

ကြံ့ဖွံ့အဖွဲ့ဝင်မဟုတ်ရင် စာပေသင်ကြားမှုမှာ နိမ့်ကျခွဲခြားခံရတာတွေဟာ ဒီအာဏာ သိမ်းစစ်အုပ်စုရဲ့ ပညာရေးစနစ်ကို စနစ်တကျ ဖျက်ဆီးနေတဲ့ လုပ်ရပ် တွေဘဲ ဖြစ်ပါတယ်။ ဒါတွေဟာ အာဏာသိမ်း စစ်အုပ်စု လက်အောက်မှာ ကျွန်တော်တို့ကိုယ်တိုင် လက်ငင်း ကြုံတွေ့နေရတဲ့ . . .

ပညာရေးအဆင့်အတန်း နိမ့်ကျအောင် လုပ်နေတာဟာ ယုတ်မာပက်စက် လွန်းအားကြီးပါတယ်။

ကျွန်တော်တို့ကျောင်းသားဘဝမှာ ကြုံတွေ့လိုက်ရတဲ့ ၉၆၊ ၉၈ ခုနှစ် ကျောင်းသား လှုပ်ရှားမှုတွေမှာလည်း ကျောင်းသားတွေက ဆုံးရှုံးနေရတဲ့ ကျောင်းသားထု အခွင့်အရေးကို ငြိမ်းချမ်းစွာဆန္ဒပြ တောင်းဆိုနေရုံတင်ကိုဘဲ စစ်အာဏာပိုင်တွေက လက်နက်အားကိုးနဲ့ အကြမ်းဖက် ဖြိုခွင်းပြီး ဖမ်းဆီး၊ နှိပ်စက်၊ ထောင်ချခဲ့တယ်။ ဘယ်လိုဘဲ ဖမ်းဆီး နှိပ်စက်သတ်ဖြတ်သတ်ဖြတ်၊ ဘယ်လိုဘဲ ကျောင်းသားနိုင်ငံရေး မျိုးဆက်ပြတ်သွားအောင် လုပ်လုပ်၊ ဘယ်လိုဘဲ မတရားတဲ့ဥပဒေတွေနဲ့ ချုပ်ချယ်ကန့်သတ်ကန့်သတ်၊ အမှန်တရားကို ချစ်မြတ် နိုးတဲ့စိတ်၊ မတရားတာကို ခေါင်းငုံမခံ တက်တဲ့စိတ်၊ အနိုင်ကျင့် စော်ကား နေတာကို လက်ပိုက်ကြည့်မနေ တတ်တဲ့စိတ်၊ သူများဒုက္ခ ရောက်နေ ရင် ဝင်ရောက် ကူညီလုပ်ကိုင် ပေးလိုစိတ်၊ ပြည်သူ့ အကျိုးအတွက်ဆို အသက်ပေး အနစ်နာခံဆောင်ရွက်ပေးလိုစိတ်ဆိုတဲ့ ကျောင်းသားစိတ်ဓါတ် (ခွပ်ဒေါင်း စိတ်ဓါတ်)၊ သမဂ္ဂစိတ်ဓါတ်ကြောင့်ဘဲ ကျွန်တော် တို့ကျောင်းသား တွေဟာ စက်တင်ဘာရွှေဝါရောင်တော်လှန်ရေးမှာ ရက်ရက်စက်စက် ရိုက်နှက်၊ ပစ်ခတ် ဖြိုခွင်းမှုတွေ ရှိနေတာတောင် မကြောက် မရွံ့နဲ့ ပါဝင်လှုပ်ရှား ခဲ့ကြပါတယ်။

> ၉၆၊ ၉၈ ခုနှစ် ကျောင်းသားလှုပ်ရှားမှုတွေမှာလည်း ကျောင်းသားတွေက ဆုံး ရှုံး နေရတဲ့ ကျောင်းသားထုအခွင့်အရေးကို ငြိမ်းချမ်းစွာဆန္ဒပြ တောင်းဆိုနေရုံ တင် ကို ဘဲ. . .

နအဖ စစ်အုပ်စုက အကြမ်းဖက် ပစ်ခတ်သတ်ဖြတ်မှာကို သိရဲနဲ့ လမ်းမပေါ်ထွက်ကာ ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင် ချုပ်ငြိမ်းရေးအတွက် ဆန္ဒပြလှုပ်ရှားခဲ့ ကြတာဟာအာဏာသိမ်း စစ်အုပ်စုကို မထောက်ခံလို့ဘဲ၊ ကန့်ကွက် လို့ဘဲဖြစ်တယ်လေ။ အားလုံးသိတဲ့အတိုင်း ဒီစစ်အာဏာရှင်လက်အောက်မှာ ကျောင်းသားတွေ တောက်လျှောက် ဖမ်းဆီးခံနေကြရတာ ဒီနေ့အထိကိုဘဲ မဟုတ်လား။

စစ်တပ်က ဒီလောက် အငြိုး ကြီးကြီးနဲ့ ရက်စက်နှိပ်ကွပ်တာကိုခံနေရတာတောင်မှ ကျောင်းသားတွေဟာ စစ်တပ်အပေါ်မှာ အာဃာတလုံးဝမထားဘဲ အဖက်ဖက်မှ ကျဆင်းဆုတ်ယုတ်နေတဲ့ မြန်မာ ပြည်ကြီးကို ပြန်လည် ထူထောင်ဖို့၊ တိုင်းပြည် တိုးတက်ဖွံ့ဖြိုးပြီး ပြည်သူ တွေ ကောင်းစားစေဖို့၊ လက်ရှိ လိုအပ်နေတဲ့ အမျိုးသားပြန်လည် သင့်မြတ်ရေးရရှိဖို့အတွက် အသက် တွေ ရင်းပြီးတော့တောင် ကြိုးပမ်း နေကြဆဲ ဖြစ်ပါ တယ်။ ကျွန်တော်တို့ ကျောင်းသားတွေ အစဉ် တစိုက် တောင်းဆိုလာခဲ့ ကြတာတွေကို ကြည့်လေ။ စစ်တပ်ဆီက အာဏာ ကို ကျွန်တော် တို့ မတရားလုယူဖို့မပါပါဘူး။ လူတဦးတယောက်၊ တစုတဖွဲ့ အတွက်သာ လုပ်ပေးနေတဲ့ ကြေးစားစစ်တပ် မဟုတ်ဘဲနဲ့ တိုင်းပြည်အပေါ် စေတနာထားတဲ့၊ ပြည်သူတွေရဲ့ အကျိုးကိုသာ ရှေ့တန်းတင် လုပ်ဆောင်ပေးတဲ့ စစ်တပ်ဖြစ်အောင်၊ တိုင်းပြည်အတွက်သာ အလုပ်လုပ်ပေးတဲ့ စစ်မှန်တဲ့ တပ်မတော်ဖြစ်လာအောင်သာ ပြုပြင်ပြောင်းလဲပေးဖို့ကို လမ်းလွဲနေတဲ့ စစ်တပ်ကို သတိပေး မေတ္တာရပ်ခံခဲ့ကြတာကိုဘဲ မြင်တွေ့ရမှာ ဖြစ်ပါတယ်။ အဲ့ဒီအတွက် အနိမ့်ဆုံးအဆင့်အနေနဲ့ ဖမ်းဆီး ထိန်းသိမ်းထားတဲ့ နိုင်ငံရေး အကျဉ်းသားတွေကို လွှတ်ပေးဖို့၊ ပြည်သူခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးရေးလုပ်ဖို့ဆိုတာလောက်ကိုဘဲ တစိုက်မတ်မတ် တောင်းဆိုနေခဲ့

ကြတာပါ။ ကျွန်တော်တို့ ကျောင်းသားတွေဟာ အာဏာရ ယူဖို့ ကြိုးစားတဲ့ လုပ်ရပ်တွေ ဘာတခုမှ မလုပ် ခဲ့ပါဘူး။ ကျောင်းသားတွေ ရဲ့ လုပ်ရပ်မှန် သမျှ ဟာ အမိမြန်မာပြည်နဲ့ မြန်မာပြည်သူတွေ ကောင်းကျိုး အတွက်သာ ဖြစ်တယ်ဆိုတာကို မှတ်ကျောက် တင်နေတဲ့ သမိုင်းဖြစ်ရပ်တွေက ငြင်းမရနိုင်တဲ့ သက်သေတွေဘဲ မဟုတ်ပါလား ခင်ဗျာ။

အမှန်တကယ်တော့ ကျွန်တော်တို့ ကျောင်းသားတွေဟာ အေးချမ်းစွာ ပညာသင်ကြား ခြင်းကိုဘဲ ခုံမင်ကြသူတွေပါ။ ဒါပေမဲ့ လက်တွေ့ ဘဝမှာတော့ ဘယ်နေရာမှာမဆို လာဘ်ထိုးမှ အဆင်ပြေတဲ့ အဖြစ်တွေ၊ အလိုဆန္ဒ ပြည့်ဝ မှုမရှိဘဲ စိတ်ပျက်ငြီးငွေ့မှုတွေနဲ့ ကုန်ဆုံးနေရတဲ့ နေ့စဉ်ဘဝတွေ၊ ရည်မွှန်းချက်ကင်းမဲ့ပြီး စိုးရိမ်ထိတ်လန့်စရာကောင်းတဲ့ မနက်ဖြန်ရဲ့ အနာဂတ်တွေ၊ အဆင့်အတန်းမြင့်မားတဲ့ ပညာရေး စနစ်မရှိတဲ့ အခြေအနေတွေ၊ ကျောင်းပြီးလို့ အလုပ်အကိုင် မရနိုင်တဲ့ဘဝတွေ၊ လူ့အခွင့် အရေးဆုံးရှုံးပြီး အသက်အန္တရာယ် လုံခြုံစိတ်ချမှု မရှိတဲ့ ဘဝတွေ၊ မတရားမှုတွေ ချည်းပြည့်နှက်နေတဲ့ စစ်အုပ်စုရဲ့ လုပ်ရပ်တွေရှိနေသရွေ့ ကျွန်တော်တို့ ကျောင်းသားတွေဟာ ဒီစစ်အာဏာ ရှင်နဲ့ အာဏာရှင်စနစ်ကို ဆက်ပြီး ဆန့်ကျင် တော်လှန်နေဦးမှာဘဲ။ ဒီတော့ စစ်အာဏာရှင် ရှိနေသရွေ့ ကျွန်တော်တို့ ကျောင်းသားတွေရဲ့ အရိုးတွေဟာ တောင်လိုပုံနေဦးမှာ ဘဲ။

ဒီမိုကရေစီနိုင်ငံတော်သစ်ကို တည်ဆောက်ဖို့ ကြိုးစားနေကြတဲ့ ကျွန်တော်တို့ တတွေအားလုံး စစ်အာဏာရှင်တွေနဲ့ စစ်အာဏာရှင်စနစ်ကို တွန်းလှန်တိုက်ဖျက်ဖို့ ကြိုးစားကြတဲ့လှုပ်ရှားမှုတွေမှာ စွန့်လွှတ်မှုပေါင်းများစွာနဲ့ ရင်နှီးပေးဆပ်သွားခဲ့ကြသူတွေ၊ အသက်ပေးလှူ သွားခဲ့ကြ တဲ့ မြောက်များစွာသော အပြစ်မဲ့သူရဲကောင်း အာဇာနည်တွေကို မမေ့မလျော့တဲ့ အသိတရားနဲ့ဂုဏ်

**ယနေ့အထိ သတင်းရရှိထားသော**
**အကျဉ်းကျ**
**ကျောင်းသူ၊ ကျောင်းသားများစာရင်း**

| | | | |
|---|---|---|---|
| ကျောင်းသူ | - | ၁၉ | ဦး |
| ကျောင်းသား | - | ၃၂၃ | ဦး |
| စုစုပေါင်း | - | ၃၄၂ | ဦး |

ပြုဦးညွှတ်ရင်း နောင်အနာဂတ်မှာ ကျွန်တော် တို့ မျိုးဆက်သစ်တွေ စစ်တပ်ကအာဏာသိမ်း တယ်ဆိုတဲ့ အဖြစ်ဆိုးတွေ ထပ်ပြီးမဖြစ်ပေါ်၊ မခံစားကြရစေဖို့ လက်ရှိခေတ် ကျွန်တော်တို့ တတွေရဲ့ပခုံးပေါ် ကျရောက်နေတဲ့ နိုင်ငံရေး တာဝန်၊ အမျိုးသားရေး တာဝန်တွေကို ကျေ ပွန်စွာ လုပ်ကိုင်နိုင်ဖို့ တော်လှန်ရေး ခွပ်ဒေါင်း စိတ်ဓါတ်ဆိုတာကို ခံယူမွေးမြူကြရင်း၊ ကျွန်တော်တို့ မြန်မာပြည် ကျောင်းသားထု တရပ်လုံး ဟာ မိဘပြည်သူတွေနဲ့ အတူလက်တွဲပြီး ဒီမိုကရေစီရရှိရေး၊ စစ်အာဏာရှင်အကုန်အစင် ပပျောက်ရေးတို့အတွက် အားသွန်ခွန်စိုက် ကြိုးပမ်းသွားမှာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်ခင်ဗျား။

မောင်ကြည်ဆွေ (ဒဂုံ)

ဖိုရမ်

# ၂၀၁၀ ရွေးကောက်ပွဲ နဲ့ ကျောင်းသားထုရဲ့ ရပ်တည်မှု

မကြာသေးခင် ရက်ပိုင်းအတွင်း၊ မှတ်မှတ်ရရ အခုနှစ် ဒီဇင်ဘာလ (၁၀) ရက်နေ့က လေလှိုင်းထဲကနေ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ပြောခွင့်ရသူ မကြည်သာတင့်ရဲ့

=၂၀၀၈ ဖွဲ့စည်းပုံကနေ သွားမယ်။၂၀၁၀ ရွေးကောက်ပွဲကနေ ဖြစ်တည်လာမယ့် အစိုးရဟာ ကျမတို့ ကျောင်းသူကျောင်းသားတွေရဲ့ အခွင့်အရေးတွေ၊မိဘပြည်သူတွေရဲ့ အခွင့်အရေး တွေကိုလည်း လုံးဝ အကာ အကွယ်ပေးနိုင်မှာ မဟုတ်ပါဘူး။ ကျမတို့ရဲ့ အခွင့်အရေးကို အကာအကွယ် မပေးနိုင်တဲ့အတွက် ကျမတို့ တိုင်းပြည်မှာ အကြမ်းဖက် ရက်စက်မှုတွေ၊ သွေးချောင်းစီးမှုတွေ၊ နိုင်ငံရေးအကျဉ်းသားတွေ စသည်ဖြင့် ဒုက္ခတွေသာ ပိုတိုးလာမှာဖြစ်တဲ့အတွက် ၂၀၁၀ ရွေးကောက်ပွဲကို လုံးဝ ဆန့်ကျင်ရခြင်းဖြစ်ပါတယ်။+

ဆိုတဲ့ ၂၀၁၀ ရွေးကောက်ပွဲနဲ့ပတ်သက်တဲ့ ပြောသံဆိုသံကို သတိထားလိုက်မိပါတယ်။

ဟုတ်ပါတယ်။ ၂၀၁၀ ရွေးကောက်ပွဲ အကြောင်းကိုပြောရင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ကို တည်ပြီးပြောရမှာပါ။

၁၉၉၀ ခုနှစ် ရွေးကောက်ပွဲအကြောင်းကို ပြန်စဉ်းစားကြည့်ရင် အဲဒီအချိန်တုန်းက ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ မရှိသေးပါဘူး။ အခုလုပ်မယ့် ၂၀၁၀ ရွေးကောက်ပွဲဆိုတာကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ ရှိနေပါပြီ။ ဒါကြောင့် ၂၀၁၀ ရွေးကောက်ပွဲကနေပေါ်လာမယ့် လွှတ်တော်၊ အစိုးရဆိုတာ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)အတိုင်း လိုက်နာလုပ်ဆောင်ရတော့မယ့်၊ အုပ်ချုပ်ရတော့မယ့် အစိုးရ ဖြစ်လာမှာပါ။

ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ (၂၀၀၈)ရဲ့ အရေးကြီးတဲ့အစိတ်အပိုင်းတွေကို ဂရုစိုက်ကြည့် ဖို့လို ပါတယ်။ အဲဒီမှာ အရေးတကြီး တွေ့ရတဲ့ အချက် တွေက -

၁)ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ရဲ့ အခန်း (၁) အခြေခံမူများအခန်းရဲ့ အခြေခံမူများ ၆။ (စ) မှာ နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးကို အဓိကဦးတည်သည်။

၂)ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၁၀၉) နဲ့ (၁၄၁) ပါ ပြဋ္ဌာန်းချက်များအရ လွှတ်တော်နှစ်ရပ် လုံးတွင် တပ်မတော်သား ၂၅ ရာခိုင်နှုန်းကို ကာကွယ်ရေး စစ်ဦးစီးချုပ်မှ ရွေးကောက် တင်မြှောက်မည်။

အခုလို စစ်တပ်ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်း အလိုအလျောက်ပါဝင်နေတဲ့အတွက် ပြည်သူ့ လွှတ်တော်မှာ မဲဆန္ဒနယ်မြေများအရ ကိုယ်စား လှယ်ပေါင်း ၄၄၀ ရှိတဲ့အထဲက စစ်တပ်က ၁၁၀ ရထားပြီးဖြစ်ပါတယ်။ ကျန်တဲ့ အ မျိုးသား လွှတ်တော်၊ ပြည်နယ်နဲ့တိုင်းဒေသကြီး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လွှတ်တော်တွေမှာလည်း စစ်တပ်က ၂၅ ရာခိုင်နှုန်း ဝင်ယူထားပြီးပါပြီ။

၃)ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း အခန်း (၁၂)၊ ပုဒ်မ(၄၃၆)မှာ ပြဋ္ဌာန်းချက်များကို ပြင်ဆင်လိုလျှင် ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ ၇၅ ရာခိုင်နှုန်းကျော်က ပြင်ဆင်ရန် လိုဖေါ်ပြထားပါတယ်။

အခု ထုတ်နှုတ်ထားတဲ့ အချက်တွေကို လေ့လာကြည့်ရင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ဟာ စစ်တပ် ကြီးစိုးရေး ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်တဲ့အပြင် ၂၀၁၀လွန် ဘယ်လွှတ်တော်သက်တမ်းမှာမှ ပြင်ဆင်ခွင့် မရနိုင်တော့ဘူးဆိုတာ ထင်ရှားနေပါတယ်။

အဲသလို ပြင်ဆင်ခွင့်မရတော့တဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈)ဟာ ဘယ်နိုင်ငံမှာမှ မရှိဘူး သေးတဲ့ စည်းကမ်းပြည့်ဝသောဒီမိုကရေစီ ဆိုတဲ့ စကားလုံးကို ဖန်တီးထားပြီး၊ ပြည်သူတွေရဲ့ အခြေခံ ဒီမိုကရေစီအခွင့်အရေးတွေကို အာမ မခံ၊ အပြင်း အထန်ချုပ်ကိုင်ထားတဲ့အပြင်၊ တိုင်းရင်းသားလူမျိုး တွေရဲ့ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးတွေနဲ့ ပတ်သက်လို့လည်း တရားစီရင်ရေးအာဏာ၊ ဥပဒေ ပြုခွင့်အာဏာ၊ အုပ်ချုပ်ရေးအာဏာဆိုတဲ့ အာဏာ (၃)ရပ်စလုံးကို ဗဟိုကချုပ်ကိုင်ထားပြီး ပြည်ထောင် စုစနစ်ကို အခြေခံမထားတာတွေ့ရပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)ဟာ ဒီမိုက ရေစီစနစ်အပေါ် အခြေခံမထားတဲ့အတွက် တိုင်းရင်း သားပြည်သူတရပ်လုံးရဲ့ အကျိုးစီးပွားကို ကိုယ်စား မပြုရုံသာမက အလုပ်သမား၊ လယ်သမား၊ ဝန်ထမ်း၊ ကျောင်းသူ ကျောင်းသားတွေရဲ့ အခြေခံ ဒီမိုကရေစီ ရပိုင်ခွင့်တွေကိုလည်း လုံးဝ အာမခံထားခြင်း မရှိပါ ဘူး။ အဲဒီအတွက် အသင်းအပင်း ဖွဲ့စည်းခွင့်တွေ၊ လွတ်လပ်စွာ စည်းရုံး ဟော ပြောခွင့်တွေ၊ လွတ်လပ် စွာ ရေးသားခွင့်တွေကိုလည်း တခုမှ ဥပဒေ နဲ့အညီ ခွင့်ပြုထားတာ မရှိပါဘူး။

လူထုလူတန်းစားအသီးသီးရဲ့ အခြေခံဒီမို ကရေစီအခွင့်အရေးတွေကို ထည့်သွင်းဖော်ပြထား ခြင်း မရှိတဲ့အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈) နဲ့ စခန်းသွားရမယ့် ၂၀၁၀အလွန် လွှတ်တော် ခေတ်မှာလည်း ကျောင်းသူ ကျောင်းသားတွေ အတွက် ဒီမိုကရေစီပညာရေး၊ ပညာရေး လွတ်လပ် ခွင့်တွေဆိုတာ အခု ကမောက်ကမ ပညာရေးစနစ် အောက်မှာ ရှိနေတဲ့ ကျောင်းသူ ကျောင်းသားတွေရဲ့ နေ့စဉ်ဘဝအခက်အခဲတွေကို ဖြေရှင်းပေးနိုင်ဖို့ ဘယ်လိုမှ မျှော်လင့်လို့မရဘူး။

အဲ့ဒါအပြင် ဒီနေ့ စစ်အစိုးရက ရေရှည် အတွက် ကြိုတင်ပြင်ဆင်တဲ့အနေနဲ့ စစ်ဆေး တက္ကသိုလ်၊ စစ်အင်ဂျင်နီယာတက္ကသိုလ်၊ စစ်နည်း ပညာ တက္ကသိုလ်ဆိုတဲ့ စစ်အုပ်စုပညာရေး အသိုင်း အဝိုင်းကိုလည်း သီးခြား တည်ဆောက်ထားပါတယ်။ အရပ်သား ပြည်သူလူထု သားသမီးတွေရဲ့ ပညာရေး ဘဝနဲ့ စစ်အုပ်စုအသိုင်းအဝိုင်းရဲ့ ပညာရေးဘဝဟာ အလွန် အနိမ့်အမြင့်ကွာခြားပြီး ၂၀၁၀ ရွေးကောက်ပွဲ အပြီးမှာလည်း အခု တည်ဆောက်ထားတဲ့ စစ်ပညာ ရေး အဆောက်အအုံကို လုံးဝ ထိလို့ကိုင်လို့ ပြောင်း လဲလို့မရအောင် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)နဲ့ အခုလို ကာကွယ် ထားပါတယ်။

အခြေခံဥပဒေပုဒ်မ ၂၀(ခ)၊ တပ်မတော် သည် တပ်ပိုင်းဆိုင်ရာကိစ္စအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ပိုင် ခွင့်ရှိသည် လို့ ပြဋ္ဌာန်းထားပါတယ်။ အဲဒါကိုကြည့်ရင် စစ်အုပ်စု ပညာရေး အဆောက် အအုံကို ဘယ်လိုမှ ပြုပြင်ပြောင်းလဲခွင့်ရမှာ မဟုတ်ဘဲ၊ အရပ်ဘက် ကျောင်းသူ ကျောင်းသား တွေရဲ့ ပညာရေးဘဝနဲ့ စစ်အုပ်စုအသိုင်းအဝိုင်းရဲ့ ပညာရေးဘဝတွေဟာလည်း အခုလိုပဲ အကြီး အကျယ် ကွာခြားနေမှာပါ။

ဒါကြောင့် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈)အတိုင်း စခန်းသွားမယ့် ၂၀၁၀ ရွေးကောက်ပွဲ လွန်ကာလမှာလည်း ဗကသများအဖွဲ့ချုပ် ပြောရေး ဆိုခွင့်ရှိသူ မကြည်သာတင့် ပြောသလို ကျောင်းသူ ကျောင်းသားတွေရဲ့ အခွင့်အရေးတွေအတွက် တိုက်ပွဲတွေ ဆက်နေရဦးမှာပါ။

အဲသလို ကျောင်းသူကျောင်းသားတွေရဲ့ ပညာရေးအခွင့်အရေးတွေ၊ မိဘပြည်သူတွေရဲ အခြေ ခံ ဒီမိုကရေစီအခွင့်အရေးတွေ၊ တိုင်းရင်းသား ပြည်သူ တွေရဲ့ ကိုယ်ပိုပြဋ္ဌာန်းခွင့်တွေ ဆုံးရှုံးမြဲ ဆုံးရှုံး နေဦးမယ့် အနာဂတ် မြန်မာနိုင်ငံတော်မှာ အကြမ်းဖက် ဖိနှိပ် မှုတွေ၊ သွေးချောင်းစီးမှုတွေ၊ နိုင်ငံရေး အကျဉ်းသား တွေစတဲ့ ဒုက္ခတွေသာ တိုးလာစေမယ့် ၂၀၁၀ ရွေး ကောက်ပွဲကို ကျောင်းသူကျောင်းသားတွေဟာ နည်း မျိုးစုံနဲ့ ပြတ်ပြတ်သားသား ဆန့်ကျင်သွားကြမယ် ဆိုတာ ၁၀၀ ရာခိုင်နှုန်းသေချာနေပါပြီ။

မိုးလျှံ

သမိုင်းရှု

# နယ်ချဲ့ဆန့်ကျင်ရေးမှသည် အမျိုးသားဖက်ဆစ်ဆန့်ကျင်ရေးအထိ တော်လှန်သော ဝိညဉ်ရှင်များ

အင်္ဂလိပ် ကိုလိုနီလက်ထက်မှာ လယ်မဲ့ယာမဲ့ အဖိနှိပ်ခံလယ်သမားတွေဟာ ကြွေးတင် ကျန်ဖြင့် နွံနစ်သလို အဖြစ်မျိုးနဲ့ တွေ့ကြုံခံစား ခဲ့ကြရတဲ့အချိန်မှာ သာယာဝတီနယ်က ဆရာစံခေါင်းဆောင်တဲ့ လယ်သမားတွေဟာ နယ်ချဲ့အလိုတော်ရိ မြေရှင်ယာရှင်တွေနဲ့ နယ်ချဲ့တွေကို ဂဠုန်လယ်သမား တပ်ဖွဲ့ကို ဖွဲ့ပြီး တော်လှန် ပုံကန်ခဲ့ကြတာကို မြန်မာနိုင်ငံသားတိုင်း သိပြီးဖြစ်ခဲ့ပါပြီ။ အဲ့ဒီအချိန်မှာ လယ်သမားသူပုန်တွေရဲ့ ခေါင်းဆောင်ဖြစ်သူ ဆရာစံဟာ လယ်သမားတွေနဲ့ မြန်မာပြည်သူ ပြည်သားတွေကြားမှာ သာမကပဲ နယ်ချဲ့အင်္ဂလိပ် အာဏာပိုင်တွေကြားမှာပါ ဂဠုန်ဆရာစံရယ်လို့ အမည်ထင်ရှားခဲ့ပါတယ်။ မြန်မာ လွတ်လပ် ရေးအတွက် အဖိနှိပ်ခံ ပြည်သူလူထုဘက်က ရပ်တည်ပြီး အင်္ဂလိပ်နယ်ချဲ့တွေကို စက်ဆုပ်ရွံရှာနေတဲ့ စာဆိုတော်ကြီး ဆရာကြီးသခင်ကိုယ်တော်မှိုင်းကတောင် လေးချိုးကြီးတပုဒ်ရေးဖွဲ့ပြီး 'ဥုံ အရဟံ သစ္စာကတိတွေနှင့် ဂဠုန်သရဏံ ဂစ္ဆာမိကြပေတော့' လို့ ပြည်သူလူထုကို လှုံ့ဆော် တိုက်တွန်း ရေးသားပေးခဲ့ဖူးပါတယ်။

ကျနော်တို့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေး တိုက်ပွဲသမိုင်းမှာ မပြောမဖြစ်ရှေ့ဆုံးတန်းက စာရင်းသွင်းဖော်ပြဂုဏ်ပြုရမှာကတော့ နယ်ချဲ့ဆန့်ကျင်ရေး ဖက်ဆစ်တော်လှန်ရေး၊ အမျိုးသား လွတ်မြောက်ရေး တိုက်ပွဲစဉ်ရဲ့ နိုင်ငံရေး၊ စစ်ရေးအခန်းကဏ္ဍက ကိုယ်ကျိုးစွန့်အနစ်နာခံပြီး ပါဝင်လှုပ်ရှား ဆောင်ရွက် ခဲ့ကြတဲ့ ကျောင်းသားတွေပါပဲ။ မြန်မာ့လွတ်လပ်ရေး ဗိသုကာနဲ့ တပ်မတော်ရဲ့ ဖခင်ဖြစ်ခဲ့တဲ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံရေးခေါင်းဆောင် လူငယ် အများစုဟာ ကျောင်းသား ကျောင်းသူတွေ ဖြစ်ကြပါတယ်။ ဒါကိုလည်း သမိုင်းကို သိမှီသူတွေ အားလုံးက သိမြင်နားလည်ပြီးဖြစ်ပါတယ်။ ဆရာကြီး သခင်ကိုယ်တော်မှိုင်း ရေးဖွဲ့သလို ရေးရမယ်ဆိုရင် 'ကျောင်းသားသရဏံ ဂစ္ဆာမိကြပေရော့' လို့ ရေးရ မယ်ထင်ပါတယ်။ ၁၉၂၀ ခုနှစ် ပထမကျောင်းသားသပိတ်၊ ၁၉၃၆ ဒုတိယ ကျောင်းသား သပိတ်၊ ၁၉၃၈ တတိယ ကျောင်းသား သပိတ် လှုပ်ရှားမှုတွေရဲ့ သမိုင်းကို ပြန်ကြည့်ရင် ကျောင်းသား၊ ကျောင်းသူတွေရဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံမှုတွေနဲ့ နောက်ဆုံး အသက်ပေးလှူရတဲ့အထိ တိုင်းပြည် လွတ်လပ်ရေးအတွက် ဆောင်ရွက်ခဲ့ကြတာကို တွေ့ရပါတယ်။ အဲ့ဒီကျောင်းသားတွေဟာပဲ ကျောင်းသားလှုပ်ရှားမှုကနေ အလုပ်သမား လှုပ်ရှားမှုနဲ့ ဆက်စပ် ပါဝင်ပူးပေါင်း ဆောင်ရွက်ကြရင်း နောက်ဆုံးနယ်ချဲ့ကိုလက်နက် ကိုင်တော်လှန် တိုက်ခိုက်တဲ့ အထိ၊ တမျိုးသားလုံး သူ့ကျွန်ဘဝက လွတ်မြောက်၊ လွတ်လပ်ရေးရဖို့ ကြိုးပမ်း ဆောင်ရွက် ခဲ့ကြပါတယ်။ နယ်ချဲ့အင်္ဂလိပ်ကို လက်နက်ကိုင် တော်လှန်ရာမှာမလွဲ၊ မရှောင်သာ အကူအညီရယူပူးပေါင်းဆောင် ရွက်ခဲ့ရတဲ့ ဖက်ဆစ်ဂျပန်တွေရဲ့

> ဆရာကြီးသခင် ကိုယ်တော် မှိုင်း ရေးဖွဲ့သလို ရေးရမယ် ဆိုရင် 'ကျောင်း သား သရဏံ ဂစ္ဆာမိ ကြပေရော့' လို့ ရေးရ မယ်ထင်ပါတယ်။

သိမ်းပိုက်အုပ်စိုးမှု၊ ပြည်သူလူထုကို ညှင်းပန်း နှိပ်စက်မှုတွေကိုလည်း ကျောင်းသား ခေါင်းဆောင် တဖြစ်လဲ တော်လှန်ရေး ရဲဘော်တွေကပဲ ဦးဆောင်ပြီး ဖက်ဆစ်တော်လှန်ရေး ကြီးကို အောင်ပွဲရတဲ့အထိ တိုက်ခိုက် မောင်းထုတ်နိုင်ခဲ့ကြပါတယ်။

ဖက်ဆစ်တွေစစ်ရှုံးပြီး မြန်မာနိုင်ငံက ထွက်သွားခဲ့ရပေမယ့် ဗြိတိသျှနယ်ချဲ့ရဲ့ အုပ်စိုးမှုအောက်မှာ ရှိနေဆဲဖြစ်တဲ့ မြန်မာနိုင်ငံ ပြည်သူလူထုတွေကို ဆက်ပြီး နိုင်ငံရေးအရကို ဦးဆောင်လမ်းပြ၊ တိုင်းရင်းသားလူမျိုးစုတွေရဲ့ ယုံကြည်မှုနဲ့ ညီညွှတ်ရေးကို ရအောင်ယူခဲ့ပြီး မြန်မာနိုင်ငံကို လုံးဝ လွတ်လပ်ရေး ရအောင် ယူပေးသွားခဲ့တာဟာလည်း အဲ့ဒီ ကျောင်းသားခေါင်းဆောင်တဖြစ်လဲ နိုင်ငံရေး၊ စစ်ရေး ခေါင်းဆောင်တွေပဲ ဖြစ်ကြပါတယ်။

ကျနော်တို့ရဲ့ နောင်တော်ကျောင်းသားတွေဟာ ကျောင်းသားစိတ်ဓါတ်အပြည့်နဲ့ ကိုယ်ကျိုးစွန့် အနစ်နာခံခဲ့ တိုင်းပြည် တာဝန် ကျေပွန်အောင် ထမ်းဆောင်ခဲ့ကြတယ်ဆိုတာ သမိုင်းစာမျက်နှာတွေမှာ မြင်သာထင်ရှားရှိခဲ့ပါပြီ။ ကျနော်တို့ ၇၀ ခုနှစ် မျိုးဆက်ကျောင်းသား၊ ကျောင်းသူတွေရဲ့ ခေတ်ကာလကတော့ အမျိုးသားဖက်ဆစ် စစ်အာဏာရှင်တွေ လက်အောက်ကို တိုင်းပြည် ကျရောက်ပြီး လူ့အ ခွင့် အရေး၊ ဒီမိုကရေ စီရေးတွေ ကွယ်ပျောက်ခဲ့ရတဲ့ အချိန်ဖြစ်ပါတယ်။ ဒီအချိန်မှာလည်း ကျောင်းသား၊ ကျောင်းသူတွေဟာ စစ်အာဏာရှင် စနစ်ကို ဆန့်ကျင်၊ တိုက်ဖျက်ဖို့ တာဝန်ရှိတယ်ဆိုတဲ့ မျိုးဆက် အသိ စိတ်နဲ့ စစ်အစိုးရကို ရတတ်သမျှ ပြဿနာတွေရှာပြီး အစဖော်၊ အားကောင်းလာအောင်လုပ်ရင်း စစ်အာဏာရှင်တွေရဲ့ မတရားတဲ့ အမိန့်အာဏာတွေကို အာခံဆန့်ကျင်တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၉၇၄ ခုနှစ် ဇွန်လအလုပ်သမား လှုပ်ရှားမှုဟာ အလုပ်သမားတွေရဲ့ အခွင့်အရေးတိုက်ပွဲအဖြစ်သာ စတင်ခဲ့တာဖြစ်ပေမယ့် ကျောင်းသားထုက ဆက်စပ် ပူးပေါင်းပြီး စစ်အာဏာရှင် စနစ် ဆန့်ကျင်ရေး ဒီမိုကရေစီရေး တိုက်ပွဲ၊ နိုင်ငံရေးတိုက်ပွဲ ဖြစ်ပေါ် လာအောင် စည်းရုံးလှုပ်ရှား လူထု တိုက်ပွဲ ဖြစ်ပေါ်လာရေး ကြိုးပမ်း အားထုတ်ခဲ့ကြပါတယ်။ ကျောင်း သား ကျောင်းသူများစွာဟာ အသက်၊ ဘဝ၊ သွေး ချွေးတွေ ပေးဆပ်ပြီး တာဝန်ကျေပွန်ခဲ့ကြပါတယ်။ စစ်အာဏာရှင်အစိုးရက ဘယ်လိုပဲ ဖိနှိပ်ဖိနှိပ် ၁၉၇၄ ဒီဇင်ဘာ ဦးသန့်အရေး အခင်းနဲ့ ၁၉၇၆ ခုနှစ် မှိုင်းရာပြည့် အရေးအခင်းဆိုတဲ့ ကျောင်းသား လှုပ်ရှားအုံကြွမှုတွေဟာ ဆက်တိုက် ဖြစ်ပေါ် လာခဲ့ပြီး စစ်အာဏာရှင်တွေကို အာခံ ဆန့်ကျင် တိုက်ပွဲဝင်ခဲ့ကြပါတယ်။

ဒါပေမယ့် အဲဒီ ကျောင်းသား လှုပ်ရှားမှုတွေဟာလည်း စစ်အာဏာရှင်တွေရဲ့ ရက်ရက်စက်စက် ချေမှုန်းတာကို ခံခဲ့ရပါတယ်။ ထုံးစံအတိုင်း ကျောင်းသားကျောင်းသူပေါင်း မြောက်များစွာဟာ အသက်ဘဝ သွေးချွေးတွေ ပေးဆပ်ခဲ့ရပြန်ပါတယ်။

ဒါပေမယ့် အဲဒီလှုပ်ရှားမှုတွေမှာ အသက်မသေကျန်ခဲ့ ကြသူ ကျောင်းသား၊ကျောင်းသူတဖြစ်လဲ လူငယ်တွေ ဟာ စစ်အာဏာရှင်စနစ်ကို အမြစ်ကဖြိုလှဲပစ်ဖို့ ဆက် လက်ပြီး ကြိုးပမ်း အားထုတ်ခဲ့ကြပါတယ်။ နိုင်ငံရေး အရ တိုးတက်တဲ့မြေအောက်ပါတီတွေ လက်နက်ကိုင် အင်အားစုတွေနဲ့ လျှို့ဝှက်ဆက်သွယ် ပူးပေါင်း ဆောင်ရွက်ပြီး ၁၉၈၈ ခုနှစ် လူထု

၂၀၀၃ ခုနှစ် မေလ ၃၀ ရက် ဒီပဲယင်း လူသတ်ပွဲကြီးအတွင်း လူထုခေါင်းဆောင် ဒေါ်ဆောင်ဆန်းစုကြည်ရဲ့ အသက်ကို ဝိုင်းရံ အကာအကွယ်ပေးခဲ့ကြတာလည်း ကျောင်းသား လူငယ်တွေ

ဒီမိုကရေစီ အရေးတော်ပုံကြီးအတွက် ကျောင်းသား ထုနဲ့ လူထုတွင်း စည်းရုံး ရေး လုပ်ငန်းတွေကို စံနစ်တကျ လှုပ်ရှား ဆောင်ရွက် ခဲ့ကြပါတယ်။ လူထုအရေးတော်ပုံကြီး ဖြစ်ပေါ် လာတဲ့ အချိန်မှာလည်း ငြိမ်းချမ်း အကြမ်း မဖက်တဲ့နည်းနဲ့ လူထု တိုက်ပွဲ တွေကိုဖော်ဖို့ ဦးဆောင် ဦးရွက် ပြုခဲ့ကြပါတယ်။ ပြည်သူ လူထု ထိခိုက်ကျဆုံးမှု အနည်းဆုံး ဖြစ်ရ အောင် တိုက်ပွဲ ကျွံမသွားအောင် မင်းမဲ့စရိုက်ဖြစ် မသွားရအောင် အကြမ်းဖက် အစွန်းရောက် ဖြစ်မ သွားရအောင် တိုက်ပွဲဦးတည် ချက်လမ်းကြောင်း သွေလွဲမသွား အောင် အတတ်နိုင်ဆုံး ကြိုးစား ဆောင်ရွက်ခဲ့ကြပါတယ်။ ဒါပေမယ့် လူထုတိုက်ပွဲကို နိုင်ငံရေးအရ ဦး ဆောင်နိုင်ဖို့အတွေ့အကြုံအားနည်းမှု၊ မဟာဗျူဟာ၊ နည်းဗျူဟာအရ ချို့ယွင်းအားနည်းမှု၊ ဦးဆောင် နိုင်ငံရေး လှုပ်ရှားသူများအတွင်း ညီညွတ်ရေး အပြည့်အဝမရှိမှု၊ လူထု တိုက်ပွဲ နဲ့ လက်နက်ကိုင် တော်လှန်ရေး တပြေးညီပေါင်းစပ် ပေးနိုင်မှု မရှိမှု စတဲ့အားနည်းချို့ယွင်းချက်တွေ ရှိနေ ခဲ့သလို စစ်အစိုးရရဲ့ ရက်ရက်စက်စက်ခြေမှုန်းမှု၊ လူအုံ ကြွမှု နှိမ်နှင်း ရေးအတွေ့အကြုံများမှု၊ လူအင်အား၊ လက်နက် အင်အား ငွေအင်အားနဲ့ တခြားအသာစီး ရယူထားနိုင်တဲ့ အခြေအနေ ပေါင်းမြောက်များစွာ ကြောင့် ကျနော်တို့ရဲ့ လူထုအုံကြွမှုကြီးဟာ အဆုံး သတ်အောင်ပွဲ ရယူ နိုင်စွမ်းမရှိပဲ ဆုံးရှုံးပေးဆပ်ရမှု ပေါင်းများစွာနဲ့ ကျဆုံးခဲ့ရတာကို အားလုံး သိခဲ့ကြပြီး ဖြစ်ပါတယ်။

ဒါပေမယ့် အဲ့ဒီလိုနဲ့ပဲ လက်လျှော့လိုက်ကြပါသလား၊ ကျောင်းသား၊ ကျောင်းသူတွေဟာ စစ်အာဏာရှင်တွေကို လက်မြှောက် အရှုံးမပေးခဲ့ကြပါဘူး။ ၈၈ ခုနှစ် လူထု ဒီမိုကရေစီ အရေးတော်ပုံကြီးနောက်ပိုင်း ၁၉၉၆၊ ၁၉၉၈ နှစ်တွေမှာလည်း အကြောင်းအခွင့် အလမ်းပေါ်လာတာနဲ့ တပြိုင်နက် စစ်အာဏာ ရှင်စနစ်ကို အာခံအံတုပြီး ဖြိုဖျက်ပစ်ဖို့ ကြိုးစားခဲ့ တာပါပဲ။ အံ့မခန်း တခဲနက်ထောက်ခံမှုရရှိခဲ့လို့ အကြောက်ကြီး ကြောက်သွားခဲ့တဲ့ စစ်အစိုးရရဲ့ ရက် ရက်စက်စက် လုပ်ကြံသတ်ဖြတ်မှုကြီးဖြစ်တဲ့ ၂၀၀၃ ခုနှစ် မေလ ၃၀ ရက် ဒီပဲယင်းလူသတ်ပွဲကြီးအတွင်း လူထုခေါင်းဆောင် ဒေါ်ဆောင်ဆန်းစုကြည်ရဲ့ အသက်ကို ဝိုင်းရံအကာအကွယ်ပေးခဲ့ကြတာလည်း ကျောင်းသား လူငယ်တွေ၊ ကျောင်းသားတဖြစ်လဲ နိုင်ငံရေး တက်ကြွလှုပ်ရှား သူလူငယ်တွေပဲ ဖြစ်ကြပါ တယ်။ နောက်ဆုံးကမ္ဘာက အလေးဂရုပြုလေးစား ဂုဏ်ပြုခဲ့ရတဲ့ ၂၀၀၇ စက်တင်ဘာ ကျောင်းသား၊ သံဃာ ပူးတွဲ ဦးဆောင် လှုပ်ရှားခဲ့ကြတဲ့ ရွှေဝါရောင် အုံကြွဆန့်ကျင်မှုကြီးမှာလည်း ကျောင်းသား ကျောင်း သူတွေပဲ အများဆုံး ဦးဆောင် ပါဝင်စည်းရုံးလှုပ်ရှား ခဲ့ကြ၊ စွန့်လွှတ်အနစ်နာခံခဲ့ ကြတာပါပဲ။ လူထုတိုက်ပွဲ ဖြစ်ပေါ်အောင် စတင်လှုပ်ရှားစဉ်ကာလမှာပဲ မင်းကို နိုင်၊ ကိုကိုကြီး၊ ကိုပြုံးချိုစတဲ့ ၈၈ မျိုးဆက်ကျောင်းသား ခေါင်းဆောင်တွေဟာ စစ်အာဏာရှင်တွေရဲ့ ဖမ်းဆီး ခံခဲ့ရပြီး နောက်ပိုင်းမှာတော့ နှစ်ရှည် ထောင်ဒဏ်တွေ ချမှတ် ခံခဲ့ရ ပါတယ်။ မမီးမီး၊ မနီလာသိန်းစတဲ့ အမျိုးသမီးကျောင်းသားခေါင်း ဆောင်ဟောင်းတွေရဲ့ တိုင်းပြည် အတွက် ပြည်သူလူထုအတွက် စွန့်လွှတ် အနစ်နာခံမှုတွေဟာ မချီးကျူးမလေးစားပဲ မနေနိုင်အောင် ဖြစ်ရပါတယ်။ ရွှေဝါရောင် အုံကြွ လှုပ်ရှားမှုကြီးဟာ တတိုင်းပြည်လုံး ပါဝင်တဲ့ လူထုအုံကြွမှုကြီးတခု ဖြစ်မ လာခဲ့ခင်မှာ စစ်အာဏာရှင်တွေရဲ့

မမီးမီး၊ မနီလာသိန်းစတဲ့ အမျိုးသမီးကျောင်းသား ခေါင်းဆောင် ဟောင်း တွေရဲ့ တိုင်းပြည် အ တွက် ပြည်သူ လူထု အ တွက် စွန့်လွှတ်အနစ် နာခံမှုတွေဟာ . . .

ရက်ရက်စက်စက် ဖိနှိပ်ဖြိုခွဲမှုကို ခံခဲ့ရပေမယ့် စစ်အာဏာရှင်စနစ်ရဲ့ ရက် စက်ကြမ်းတမ်းမှု၊ မတရားမှုတွေကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားလိုက်ရတဲ့ ၈၈ခုနှစ် လူထုဒီမိုကရေစီ အရေးတော်ပုံကြီးကို မသိမှီလိုက်ပဲ နိုင်ငံရေး သိမြင် နားလည်မှု နိုးကြားမှု အားနည်းနေတဲ့ ကျောင်းသား လူငယ်မျိုးဆက်သစ်တွေကိုပါ စစ်အာဏာရှင် စံနစ်ဆန့်ကျင်ရေးစိတ်ဓါတ်တွေ ဖြည့်ဆည်း နှိုးဆွပေးလိုက်သလို ဖြစ်သွားခဲ့တယ်ဆိုတာကတော့ အသေအချာပါပဲ။ ကျောင်းသားလူငယ်တွေရဲ့ မျိုးဆက် စိတ်ဓါတ်ဝိညဉ်ကို ကူးဆက်ပေးနိုင်ခဲ့ပါတယ်။

စစ်အာဏာရှင်တွေကို အာခံဆန့်ကျင်မယ့်၊ စစ်အာဏာရှင်စနစ်ကို အမြစ်ကဖြိုလှဲ ပစ်မယ့် လူထုအုံကြွမှုကြီးတခုကတော့ မလွဲမသွေ ပေါ်ပေါက်လာပါလိမ့်အုံးမယ်။ အဲ့ဒီလူထု အုံကြွမှုကြီးဖြစ်ပေါ်လာအောင် စည်းရုံး ဖော်ဆောင် မေးမယ့်သူတွေဟာလည်း မျိုးဆက်သစ်ကျောင်းသား လူငယ်တွေပဲ ဖြစ်ပါလိမ့်မယ်။ စစ်အာဏာရှင်စနစ်ကို အမြစ်ဖြုတ်ဖြိုလှဲ အောင်ပွဲ ရသည်အထိ လူထုတိုက်ပွဲကို ဦးစီးဦးဆောင် ပြုကြမယ့် သူတွေဟာလည်း ကျောင်းသား လူငယ်မျိုးဆက်ဟောင်း၊ သစ်တွေ သာဖြစ်ကြပါ လိမ့်ဦးမယ်လို့ ကျနော့်ကတော့ မမှိတ်မသုံ ယုံကြည်နေဆဲဖြစ်ပါတယ်။

**သမိုင်းရှင်**

၁၉၆၀ ခုနှစ် ဗမာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏
ဆဌမအကြိမ်ညီလာခံမှချမှတ်ခဲ့ပြီး
၁၉၈၈ ခုနှစ်
ဩဂုတ်လ ၂၈ ရက်နေ့
နှင့်
၂၀၀၇ ခုနှစ်
ဩဂုတ်လ ၂၈ ရက်နေ့
တို့တွင် ပြန်လည်ဖွဲ့စည်းခဲ့သည့်
ဗမာနိုင်ငံလုံးဆိုင်ရာ
ကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏
အစဉ်တစိုက်စွဲကိုင်နေသည့်
အခြေခံမူများ

၁။ အမျိုးသားနိုင်ငံရေး (ဝါ) စစ်အာဏာရှင်စနစ် ဆန့်ကျင်ရေး
၂။ ဒီမိုကရေစီရေး
၃။ ဒီမိုကရေစီ ပညာရေး
၄။ ငြိမ်းချမ်းရေး
၅။ ကျောင်းသားထုအခွင့်အရေး ကာကွယ်ရေး

# နိုင်ငံရေးသတ္တဝါတစ်ကောင်



ရန်ကုန်သို့သွားဘို့အရေးအတွက် ကျော်မြင့်သည် ရင်လေးလျှက်ရှိသည်။ သို့ရာတွင် ရန်ကုန်သို့ မသွား ၍ကား မဖြစ်သေးချေ။ ထိုသို့သွားပြန်ကလည်း နောက်ပိုင်းအတွက် စိတ်မအေးစရာ အကြောင်းတရပ်ကရှိနေပြန်လေသည်။

နှစ်ခုသောအလုပ်ကို နှစ်ခုသော ဌာနတွင်အဘယ်လူစွမ်းကောင်းသည် တချိန်တည်း တပြိုင်တည်း လုပ်ကိုင်နိုင်မည်နည်း။ ထိုအကြောင်း ကိုကျော်မြင့်သည် များစွာစဉ်းစားထားပြီးလည်း ဖြစ် လေသည်။ သို့ရာတွင် သူရင်ဆိုင်နေရသော ပြဿနာ မှာ အလုပ်နှစ်ခုကို တနေရာစီတွင် တချိန်တည်း တပြိုင်တည်း လုပ်ကိုင်မှသာလျှင် စိတ်ချနိုင်ဘွယ်ရာ ရှိသကဲ့သို့ ဖြစ်နေပေသည်။ သူသည် ဘာလုပ်ရမည်နည်း။ ဘယ်လို လုပ်ရမည်နည်း။

ပညာရေးအာဏာပိုင်များက ကျောင်းသားသမဂ္ဂများကို ဖျက်သိမ်း ခြင်းပြုလိုက်သောအခါ သူ၏ အိမ်တွင် သမဂ္ဂဆိုင်းဘုတ် တင်ထားခဲ့သူလည်း ဖြစ်သည်။

ထို့ကြောင့် ရန်ကုန်သို့ သွားဘို့ အရေးအတွက် ကျော်မြင့်သည် ရင်လေးလျှက်ရှိ နေခြင်းဖြစ်လေသည်။ သို့ရာတွင် ရန်ကုန်သို့ မသွား၍ကား မဖြစ်သေးချေ။ သွားပြန်ကလည်း နောက် ပိုင်းအတွက် စိတ်မအေးစရာအ ကြောင်း တရပ်ကရှိနေပြန်လေသည်။

ကျော်မြင့်သည် သားငါး ပုဇွန် ပေါများလှသော ဧရာဝတီ မြစ်ဝ ကျွန်းပေါ်ဒေသရှိ မြို့ကလေးတမြို့ မှ ထင်ရှားလှသော လူငယ်ကျောင်း သားခေါင်းဆောင်တဦးဖြစ်သည်။ ကျောင်းသားတဦးအနေနှင့် ကိုလိုနီ ပညာရေး စံနစ်ဟောင်းကြီးကို ဆန့်ကျင်သော အမျိုးသားပညာရေးနှင့် ဒီမိုကရေစီ ပညာရေးများအတွက် ရွှတ်ရွှတ်ချွန်ချွန် တိုက်ပွဲဝင်လျှက်ရှိသောကြောင့် ကျောင်းသားနှင့် လူငယ်များတွင် ထင်ရှားလျှက်ရှိသကဲ့သို့ မည်သူမျှ ဦးခေါင်းမဖော်ဝံ့သော ဖိုလ်ချုပ်ကြီး အစိုးရ လက်ထက်က ပြုလုပ်သော ရွေးကောက်ပွဲတွင် မိုက်မိုက်ကန်းကန်း ဝင်ရောက်အရွေးခံကာ တိုက်ခိုက်ခဲ့ဘူးသောကြောင့် လူကြီးနှင့် လူလတ်များတွင်လည်း အံ့သြခြင်း ခံရသော လူငယ် တဦးဖြစ်ပေသည်။

ကိုလိုနီပညာရေးစံနစ်ဟောင်း ကြီးကို ဆန့်ကျင်တိုက်ခိုက်လျှက်ရှိသော ကျောင်းသားများ၏ အထွေထွေ အရေးတော်ပုံကြီးတွင် သူသည် မကြာခဏ ကျောင်းမှ နှင်အထုတ်ခံခဲ့ရသူ တဦးဖြစ်သည်။ ပညာရေးအာဏာပိုင်များက ကျောင်းသားသမဂ္ဂများ ကို

ဖျက်သိမ်းခြင်းပြု လိုက်သောအခါ သူ၏အိမ်တွင် သမဂ္ဂဆိုင်းဘုတ် တင်ထားခဲ့သူလည်းဖြစ်သည်။ ယင်း သို့ ကျောင်းသားတို့ဝယ် တရားဝင် ရသင့်ရထိုက်သော အခွင့်အရေးများအတွက်သာ လုံးပမ်းဆောင်ရွက်နေ သောကြောင့် သူသည် မက်ထရစ် စာမေးပွဲကို တော်တော်နှင့် မအောင်နိုင်ချေ၊ ယခုအခါတွင် ၇ -နှစ်မျှပင် ကြာမြင့်ခဲ့လေပြီ။

ကျော်မြင့်သည် ကျောင်း သားများ၏ အရေးအတွက်သာ ဆောင်ရွက်နေသော လူငယ် ကျောင်းသားခေါင်းဆောင် တဦးတော့ကား မဟုတ်ချေ။ မြို့ရေး ရွာရေးအတွက် ပါ မအိပ်မနေ ဆောင်ရွက်နေသော လူငယ်တဦးဖြစ်သည်။ မြို့သူမြို့သားများ၏ ဆုံးရှုံးနေသော အခွင့် အရေးများအတွက် အာဏာပိုင်များ၏ မုန်းတီးမှုကို ပင်ခံကာ မိုက်မိုက်ကန်းကန်း ဆောင်ရွက်ခဲ့သော ကြောင့် မြို့ရွာလူထု၏ ချစ်ခင်လေးစားမှုကိုပါ ရရှိထား သူတဦးလည်း ဖြစ်လေသည်။ မြူနီစီပါယ် ရွေးကောက် ပွဲနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်တိုက်ခိုက်ခဲ့သူတဦးဖြစ်လေသဖြင့် မြို့၏ကြည်ညိုမှုကိုလည်း ရရှိထားခဲ့သည်။

ယင်းသို့ ကျောင်းသားလူငယ်များ၏ အရေးနှင့် မြို့ရေးရွာရေးများကိုသာ ဆောင်ရွက်၍ တမြို့လုံး၏ ချစ်ခင်လေးစားမှုကို ကျော်မြင့်သည် ခံယူရရှိထား သော် လည်း၊ ၎င်းလုပ်ကိုင်နေသော ကိစ္စများကို ပြင်းပြင်းထန်ထန် ဆူဆူပူပူ ကန့်ကွက်နေသူတဦး သည် ၎င်း နေထိုင်လျက်ရှိသော မြို့ကလေးတွင် တွေ့ကြုံနေရပေသေးသည်။ ထိုကန့်ကွက်သူမှာ အတိုက်အခံ ရဲနှင်းစုံထောက် များလည်း မဟုတ်ချေ။ ကျော်မြင့် အား ထိုသို့ ပြုလုပ်နေသော ကိစ္စနှင့် ပတ်သက် ၍ ဆူပူရန် ထောင်နေသူမှာ ၎င်း၏ မွေးသမိခင် ကျေးဇူးရှင် ကြီးပင်ဖြစ်လေသည်။

ကျော်မြင့်၏မိခင်သည် ကုန်စုံဆိုင် တဆိုင် ဖွင့်လှစ်ရောင်းချကာ တယောက်တည်းသာ ရှိသော တဦးဖြစ်လေသည်။ ဈေးရောင်း၍ သားကို ပညာသင် ကြားပေးနေရသည့်အတွက် ကျော်မြင့်အား မကြေမနပ်ဖြစ် မည်မှာ ဓမ္မတာတရားသာ ဖြစ်လေသည်။ သို့ရာတွင် ကျော်မြင့် တယောက်ကတော့မူ ဘီအေအောင်ဘို့ကား ထားဘိဦး မက်ထရစ်မျှ ကိုပင် အောင်အောင်မလုပ်ဘဲ သပိတ်မှောက်ဘို့ ညီလာခံ တက်ဘို့ နှင့် ရွေးကောက်ပွဲဝင်ဘို့ချဉ်းသာ လုပ်နေရင် ငါ့အိမ်ပေါ်က ဆင်း တော့ဟု မကြာခဏ အိမ်ပေါ်မှ မောင်းမောင်း ချနေခြင်း လည်းဖြစ်တော့သည်။ သို့ရာတွင် အဘယ်သား ယောကျာ်းကလေးများသည် မိခင်လုပ်သူက အိမ်ပေါ် မှနှင်ချ၍ ဆင်းရိုး ထုံးစံ ရှိသနည်း။ ကျော်မြင့်သည် ထိုကဲ့သို့သော သား ယောကျာ်းကလေးများအနက် တယောက်မျှသာ ဖြစ်လေသည်။ သူသည် ဘယ်တော့မှ အမေ့အိမ်ထက် မှဆင်းရန် စိတ်ကူးထားသော လူငယ် တယောက် လည်း မဟုတ်ချေ။ မျက်စေ့လည် လမ်းမှား၍ မယား တစ်ယောက်ယူမိလျှင်ပင် ထိုကဲ့သို့သော လုပ် ကိုင် ဈေးရောင်းနေသော အမယ် ကြီးမျိုး အိမ်ထက် မှလည်း ဘယ်တော့ မှ ဆင်းလိမ့်မည် မဟုတ်ချေ။

ကျော်မြင့်၏မိခင်သည် ၎င်း၏ စီးပွားရေး ကို မည်ကဲ့သို့မျှ အထောက်အကူ မပြုသည့်အပြင်၊ သက်သက်မဲ့စားသောက်နေသော သားကျော်မြင့် အပြင် အခြား အိမ်ပေါ်သို့ တင်ကာ ကျွေးမွေးထားရ သော လူတယောက်လည်း ရှိသေး သည်။ ထိုသူမှာ အခြားလူတော့ မဟုတ်၊ ကျော်မြင့်၏ ဖခင်လုပ်သူ ၎င်း၏ လင်ယောကျာ်းပင်ဖြစ်လေသည်။

ကျော်မြင့်၏ဖခင်သည် ၎င်း၏သား လုပ်သူ ကဲ့သို့ မြို့ရေးရွာရေးကို ဆောင်ရွက်တက်သော ဝါသနာ မရှိချေ။ ထိုအဖိုးကြီးသည် ဝိပဿနာလုပ်ငန်း များ၌သာ ဝါသနာပါသော လူကြီးတယောက် ဖြစ်လေသည်။ သူသည် အသင့်အတင့် အလုပ်အကိုင် ကိုမှလည်း မလုပ်ချေ။ မယားလုပ်စာကိုသာ အိမ်ဦး ကိုထိုင်ကာ ဝအောင်စားသောက်ပြီးနောက် မယား ဆင်သော အဝတ်အစားကို ဝတ်ခါ ရွာရိုး လျှောက်၍

မင်္ဂလာရား ဖိုလ်တရားများ အကြောင်းကို အာပေါက် မတက်မျှ ပြောဆိုနေတတ်သူဖြစ်သည်။ မယား၏ ကုန်စုံဆိုင်လုပ်ငန်းများ၌ ဘာတခုမျှလည်း ဝင်မလုပ်ဘဲ ရွှာရိုး လျှောက်၍သာ ၎င်း၏ ဝိပဿနာ ဒေသနာများကို ပြောဆိုနေသော လင်လုပ်သူအား အဖွားကြီးသည် မကြည်ဖြူ နိုင်အောင်ဖြစ်လာသည်။ အဘယ်သား မယားတို့သည် မိမိလုပ်စာကို အငြိမ် စားစားသောက်နေသော လင်ယောကျာ်းကို တာရှည် သဖြင့် ကြည်ဖြူ နိုင်ပါမည်နည်း။ ကျိုးကန်း ပဲ့ရွဲ့ နေလျှင်လည်း တော်သေးသည် မဟုတ်လော။

ဤကဲ့သို့သောသားကတဘက် လင်ကလည်း တဘက်ညှဉ်းပမ်းနေကြသောအခါ၊ ထိုအဖွားကြီး သည် ဒေါဖောင်းလာတော့မည်မှာ ဓမ္မတာသာ ဖြစ် တော့သည်။ ဝိပဿနာအကြောင်း ကိုချဉ်း ရွှာရိုး လျှောက်၍ ပြောနေသော အဖိုးကြီးနှင့် ဒီမိုကရေစီ ပညာရေးနှင့် ငြိမ်းချမ်းရေးအတွက် ချဉ်းသာ တိုက်ပွဲဝင် ကာ အိမ်နှင့်ဆိုင်အလုပ်ကို ဘာတခုမှ ဝင်မလုပ်သော သားလုပ်သူတို့ကို အဖွား ကြီးသည် မောမောရှိတိုင်း ဆူတော့ပူတော့သည်။ နောက်ဆုံးအိမ်ပေါ်မှပင် နှင်ချခြင်း ပြုလေတော့သတည်း။

ကျော်မြင့်တို့သားအဖသည်၊ အိမ်ရှင်မကြီး ၏ ဆူပူမှုကို မခံနိုင်ကြသော်လည်း ၎င်းတို့ ယုံကြည် လျှက်ရှိနေသော လုပ်ငန်းများကို လုပ်ကိုင်နိုင်ဘို့ အတွက်က ပို၍အရေးကြီးသဖြင့် ထိုအမေကြီး ဆူပူသ မျှကို အရေထူထူနှင့် ခံကာ ထိုအမယ်ကြီး အိမ်တွင် ကပ်ရပ်နေထိုင်လျှက်ရှိကြလေသည်။ ထိုအမယ်ကြီး ရှာဖွေကျွေးမွေးသမျှကို မသထာ ရေစာနှင့်ပင် စား သောက်ခြင်း ပြုလျှက်ရှိကြသည်။

ဤကဲ့သို့ ကျော်မြင့်တို့ သားအဖ မျက်နှာ ပြောင်ပြောင်နှင့် ၎င်း၏လုပ်စာကို အခန့်သားစား သောက်ကာ၊ ၎င်း၏ အလုပ်အကိုင်ကို ဘာတခုမှ ဝင် ရောက်ကူညီလုပ်ကိုင်ပေးခြင်းမပြုဘဲ၊ ၎င်းတို့ လုပ်ချင် ရာကိုသာ လျှောက်၍လုပ်ကိုင် နေကြခြင်းကို မည်ကဲ့ သို့မှ မခံနိုင်တော့သည့် အဆုံးတနေ့တွင် ထိုအမယ် ကြီးသည် ကျော်မြင့်တို့ သားအအဖ နှစ်ယောက်စလုံး ကို ၎င်း၏ အိမ်ပေါ် မှ တင်းနှင် ချခြင်း ပြုလုပ် တော့လေသည်။ အော်ကြီး ဟစ်ကျယ် ဆူပူခြင်းလည်း ပြုလေတော့သည်။

သားလုပ်သူအား မိခင် ဖြစ်သူက အိမ်ပေါ် မှ နှင်ချခြင်းကို သားကမသွားပဲ ပေခဲ၍ နေလိုက်နိုင် သော်လည်း၊ လင်နှင့်မယားတို့၏ အကြားတွင် ကားထိုကဲ့သို့မဖြစ်ချေ။ ကျော်မြင့်၏ဖခင်သည် ထိုအမယ်ကြီး အိမ်တွင် ကပ်နေထိုင်၍ မည်ကဲ့သို့မျှ မဖြစ်တော့သဖြင့်၊ ၎င်း၏ အိပ်ရာလိပ်နှင့် အဝတ်အ စားသေတ္တာကို ဆွဲငင်ကာ အိမ်ပေါ်မှ ဆင်းသွားလေ သည်။ ထို့နောက် ဆိုက်ကားတစီးကို ငှားရမ်းကာ အတော် လှမ်းလှမ်းတွင်နေထိုင်သော ၎င်း၏ အစ်မ တယောက် အိမ်သို့ ထွက်သွားလေသည်။

ထိုကဲ့သို့ မယားလုပ်သူက အိမ်ပေါ်မှ နှင်ချ နေခြင်းကို ပြန်လည်၍ခုခံကာ တိုက်ပွဲဝင် လိုက်သော ၎င်းဖခင်အား ကျော်မြင့်သည်များစွာ အထင်ကြီး၍ သွားလေသည်။ ပို၍လည်း လေးစားသွားလေသည်။ ထိုအဖိုးကြီးသည် ထိုအမယ်ကြီး အားဤကဲ့သို့ တိုက်ပွဲ ဝင် လိုက်ခြင်းအားဖြင့် ၎င်း၏မိခင်သည် နောင်တ တရား များစွာရရှိကာ ၎င်းတို့သားအဖအား ကျယ်ပြန့် သော ဒီမိုကရေစီ အခွင့်အရေးများ ပေးအပ်လာလိမ့် မည်ဟု ကျော်မြင့်က တွက်ချက် ထားပေသည်။ တကယ်ဆိုတော့ ဒီမိုကရေစီ အခွင့်အရေးဆိုသည်မှာ တိုက်နိုင် မှသာရသည်မဟုတ်လော။ ထို့အတူ၎င်းတို့ သားအဖ မိမိတို့ ယုံကြည်ရာကို လုပ်ကိုင်နိုင် ဘို့အရေးအတွက်ကို အမယ် ကြီး အား တိုက်ပွဲဝင်ခြင်း အားဖြင့်သာ ဆူဆူပူပူနှင့် နှင်ချမှုများမှ သက်သာခွင့် ရရှိလိမ့်မည် မဟုတ်သလော။

၎င်း၏ ဒေါ်လေးအိမ်သို့ ကျော်မြင့်သည် နေ့တိုင်း ၏လိုလိုသွားရောက်ကာ၊ ၎င်းဖခင်အား တိုက်ပွဲကို ရေရှည်ဆွဲတိုက်နိုင်ရန်အတွက် အားပေး ခြင်းပြုရလေ သည်။ အကယ်၍ ထိုအဖိုးကြီးသည် တိုက်ပွဲကို ရေရှည်ဆွဲမတိုက်နိုင်ဘဲ အဖွားကြီးထံသို့

ဒူးထောက်ကာ အညှံ့ခံလိုက်ပါက ထိုအမယ်ကြီး သည် ယခင်ကထက်ပိုမို၍ သောင်းကျန်းလာလိမ့်မည် မဟုတ်သလော။ ထိုကာလ၌ မိမိတို့သားအဖ နှစ် ယောက် စလုံးရပ်တည်နေကြလိမ့် မည်လည်း မဟုတ်သလော။

“ အဖေ- အခုလို ဆင်းသွားပီးကထဲက အမေက ကျွန်တော့ကို ခါတိုင်းလိုမဆူတော့ဘူးဗျ၊ အခွင့်အရေးတွေလဲ ပိုပေး လာတယ်။”

“ ဟေ. . . ဟုတ်လား ဟေ့. . . ”

“ အဲ့ဒီတော့ အဖေက တိုက်ပွဲကို ရေရှည် ဆွဲထားနိုင်ဘို့လိုတယ်. . . ”

“အေးပါကွာ. . . ငါနားလည် ပါတယ်. . . ”

“အဖေကကော ရေရှည်ဆွဲ တိုက်နိုင်ပါ့ မလားဟင်”

“ မင်းကငါ့ကိုများ အထင်သေးလို့ ကွာ. . . ”

“ အဖေရော ကျွန်တော့ အတွက်ပါ တသက်လုံးနဲ့ ဆိုင်နေတဲ့ ကိစ္စဖြစ်လို့ ပြောတာပါ အဖေရယ်. . . ”

“စိမ်လိုက်စမ်းပါ ကျော်မြင့်ရာ ဒါပေမယ့် မင်းအမေရဲ့ အခြေအနေကိုတော့ ငါ့ကို အခုလို မကြာခဏ လာပြောပြဘို့ လိုလိမ့်မယ်. . . ”

၍သို့ သားအဖ နှစ်ယောက်တို့သည်၊ ကွန်ဖရင့်ထိုင် ဆွေးနွေးကာ ၎င်းတို့၏ ရေရှည်တိုက်ပွဲကို စည်းဝါးကိုက်ခဲ့ကြသည်။

နိုင်ငံရေးသမားတပိုင်းဖြစ်နေသော ကျော်မြင့် တွက်ချက်ထားခဲ့သည့်အတိုင်း ကျော်မြင့်တို့သားအဖနှင့် ထိုအမယ်ကြီးတို့၏ တိုက်ပွဲသည် ရေရှည် တိုက်ပွဲဖြစ်လာခဲ့သည်။ တလမှ- နှစ်လ၊ နှစ်လမှ သုံးလအတွင်းသို့ဝင်လာသောအခါ၊ ကျော်မြင့်သည် ၎င်း၏ဖခင်အတွက် တစတစ စိုးရိမ်သလိုဖြစ်လာရသည်။ အဘယ်ကြောင့်ဆိုသော် ထိုအဖိုးကြီးတွင် ရေရှည်တိုက်ပွဲ၏ဒါဏ်ကို မခံနိုင်သော နိမိတ် လက္ခဏာများတစထက်တစ တွေ့လာရသောကြောင့် ဖြစ်ပေသည်။ ကျော်မြင့် ရှေ့တွင်သာ လေလုံးမိုးလုံးထွားနေသော်လည်း၊ ၎င်း၏ကွယ်ရာတွင် အမယ်ကြီးကောင်းကောင်းမမာ၍ စိုးရိမ်သည့်အကြောင်းများကိုသာ ကျယ်ကျယ် လောင်လောင် လေးပြောဆို နေသောကြောင့်ဖြစ် လေသည်။ တကယ်ဆိုတော့လည်း အမယ်ကြီးသည် တကယ်နေထိုင် မကောင်းဖြစ်နေသည်တော့ကား မဟုတ်ချေ။ အအေးမိကာ ချောင်းဆိုးနေခြင်းမျှ သာဖြစ်သည်။ သို့ရာတွင် အဖွားကြီးကလည်း ၎င်း၏ နည်းပရိယာယ်ဖြင့် တဆိတ်တသာလေး နေထိုင် မကောင်းဖြစ်နေခြင်းကို ကြီးကြီးကျယ်ကျယ် ဝါဒဖြန့် နေခြင်းမျှသာ ဖြစ်လေသည်။

အဖွားကြီး၏ကွယ်ဝသော နည်းပရိယာယ်ကို သိရှိထားသော ကျော်မြင့်က ၎င်း၏ဖခင်အား လုံးစေ့ပတ်စေ့ ရှင်းလင်းပြောပြခြင်း ပြုလေသည်။

“ အမေက ဟန်လုပ်နေ တာနော်၊ အဖေ ကျပ်ကျပ် သတိထားပါ၊ တော်တော်ကြာ အဖေရော ကျွန်တော်ပါ ဂျောက်ကျ ကုန် လိမ့်မယ်” ဟု ဖခင်လုပ်သူအား ပြောဆို ခြင်းပြုရလေသည်။

အဖိုးကြီးကတော့ ၎င်း၏ ထုံးစံအတိုင်း “ငါ့ မယားအကြောင်း မင်းထက်ငါနားလည်ပါတယ်ကွာ” ဟု အပေါ်စီးယူကာ၍ ပြန်ပြောလေသည်။ သို့ရာတွင် ၎င်း၏ အဖိုးကြီး၏ အခြေအနေ ကောင်းစွာ မဟန်လှသည့်အကြောင်းကို

နိုင်ငံရေးသမားတပိုင်း ဖြစ်နေသော ကျော်မြင့် တွက်ချက်ထားခဲ့သည့် အတိုင်း ကျော်မြင့်တို့ သားအဖနှင့် ထို အမယ်ကြီးတို့၏ တိုက်ပွဲသည် ရေရှည်တိုက်ပွဲ ဖြစ် လာခဲ့သည်။

ကျော်မြင့်သည် ကောင်းစွာသိရှိနေလေသည်။ အဘယ်ကြောင့် ဆိုသော် အဖိုးကြီးသည် အဖွားကြီး အိမ်နှင့် မလှမ်းမကမ်း အသိအိမ် များသို့ လာရောက်ကာ လေကန် နေတတ် သောကြောင့် ဖြစ်လေ သည်။ ထိုကြောင့် ထိုအဖိုးကြီးစိတ်ဓါတ်မကျ ရအောင် ဟု အဖွားကြီးထံ လိုလားချက် ပြည့်ပြည့်ဝဝ မရရှိဘဲ လက်နက်မချလိုက်ရန်အတွက် ကျော်မြင့် သည် တနေ့ နှစ်ကြိမ်လောက် အဖိုးကြီးရှိရာသို့ သွားကာ မော်တာ တင်ပေးရလေသည်။ "အဖေ သိတ်ကြာကြာကြီး တိုက် မနေရတော့ပါဘူးဗျ၊ နဲနဲလောက်ဘဲ ကျန်ပါတော့တယ်၊ ကျန်တာ လောက်ကလေးကို အဖေကတောင့်ခံ ထားလိုက်ရင် ကျွန်တော်တို့ လိုလားချက်တွေ အားလုံး အမေက ပေးတော့မှာပါ" ကျော်မြင့်က ၎င်း၏ အဖိုး ကြီးအား စိတ်ဓါတ် တက်လာအောင် ဆွဲဆောင်ရလေသည်။

"အေးပါကွ. . . ငါနားလယ်ပါတယ်"

"ဒီအတောအတွင်း၊ ဗကသညီလာခံ အတွက် ရန်ကုန်ကို မသွားမဖြစ်လို့ တနင်္ဂနွေ တပတ်လောက် သွားရလိမ့်ဦးမယ်"

"မင်းသွားစရာရှိတာသာ သွားပါကွာ၊ ငါ့ အတွက်တော့ စိတ် ချပါ"

"တကယ်ပြောနေတာ လား အဖေ"

"မင်းကလဲ ငါ့ကို တော်တော် အထင်သေး နေပြန်ပြီ နဲ့ တူတယ်"

"ကျွန်တော် ရန်ကုန်က ပြန်လာရင် အဖေနဲ့ အမေ့ကိစ္စကို ကြားကဝင်ပြီး မျှမျှတတဖြစ်အောင် ဆောင်ရွက်ပေးဘို့ ဘကြီးမှိုင်းကိုလဲ ပြောထားပါ သေးတယ်"

"ဟေ. . . ဟုတ်လား"

"အဲ့ဒီတော့ အဖေက ကျွန်တော် ရန်ကုန်က ပြန်မလာမချင်း တောင့်ခံထား ပေးဘို့ လိုလိမ့်မယ်"။

ထိုကဲ့သို့ ဆွေးနွေးပွဲထိုင်ကာ သဘော တူညီခဲ့ကြသော်လည်း၊ ရန်ကုန်သို့ သွားဘို့ အရေး အတွက် ကျော်မြင့်သည် ရင်လေး လျက်ရှိ သည်။ သို့ရာတွင် ရန်ကုန်သို့ မသွား၍ကား မဖြစ်သေးချေ။ ထိုသို့ သွား ပြန်ကလည်း နောက်ပိုင်းအတွက် စိတ်မအေးစရာ အကြောင်းတရပ်ကား ရှိနေပြန်လေသည်။

နှစ်ခုသော အလုပ်ကို နှစ်ခုသော ဌာနတွင် အဘယ်လူစွမ်းကောင်းသည် တချိန်တည်း၊ တပြိုင်တည်း လုပ်ကိုင်နိုင်မည်နည်း။ ထိုအကြောင်းကို ကျော်မြင့်သည်၊ ကောင်းစွာစဉ်းစား ထားခြင်းလည်း ဖြစ်လေသည်။ သို့ရာတွင် သူ့ရင်ဆိုင် နေရသော ပြဿနာမှာ အလုပ်နှစ်ခုကို တနေရာစီတွင် တချိန်တည်း တပြိုင်တည်း လုပ်နိုင်မှသာလျှင် စိတ်ချနိုင်ဘွယ်ရာ ရှိသကဲ့သို့ ဖြစ်နေလေသည်။ ပထမပြဿနာမှာ အိမ်ပေါ်မှ နှင်ချထားသော အဖွားကြီးထံသို့ အဖိုးကြီးက လက်နက်ချစေ ရန် ဖြစ်လျက် ဒုတိယ ပြဿနာမှာ ပြည်တောင်စု မြန်မာ နိုင်ငံတော်ရှိ ကျောင်းသူ ကျောင်းသားများ၏ ပြဿနာ အရပ်ရပ်တို့ကို စဉ်းစားဆွေးနွေး ရမည့် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသားညီလာခံသို့ တက်ရောက် ရန်ဖြစ်သည်။ ရန်ကုန်တွင် ကျင်းပသော ကျောင်းသားညီလာခံသို့ မတက်မဖြစ်၍ သွားတက် နေရခိုက်၊ အဖိုးကြီး သည် အနည်းငယ်မျှ တောင့်မ ခံ နိုင်တော့ဘဲ အဖွားကြီး အား လက်နက်ချလိုက်လျှင် ၎င်း တို့ သားအဖနှစ်ယောက် စလုံးအတွက် ဦးကျိုးသွားပေတော့မည်။ မသေမချင်း ထိုအဖွားကြီး၏ ဆူပူကြိမ်းမောင်းမှုကို ခံနေရပေတော့မည်။ ထို့ကြောင့် မသွားလျှင် မဖြစ်သော ရန်ကုန်၌ ကျင်းပမည့် ကျောင်းသား ညီလာခံသို့ တက်ရန် သဘော်စီး မည့်ည ကကျော်မြင့်သည် ၎င်း၏ အဖိုး

ကျောင်းသူ ကျောင်း သားများ၏ ပြဿနာ အရပ်ရပ်တို့ကို စဉ်းစား ဆွေးနွေး ရမည့် ဗမာနိုင်ငံလုံး ဆိုင်ရာ ကျောင်းသား ညီလာခံသို့ တက်ရောက်ရန် ဖြစ်သည်။

ကြီးဆီသို့ တခေါက် ထပ်မံ၍ သွားရသေးသည်။ အဖိုးကြီးကို ဒီတပွဲတွင် အတောင့်နိုင်ဆုံး တောင့်ခံ ဘို့အတွက် အမျိုးမျိုး တောင်းပန်ခြင်း၊ အားပေးခြင်း များ ပြုခဲ့ရသေးသည်။

"မင်းသွားမှာသာ စိတ်ချလက်ချသွားပါကွာ၊ ပြန်လာတော့သာ ကိုယ်ရင်မှိုင်းနဲ့ လုပ်ရမဲ့အလုပ်ကိုသာ လုပ်ခဲ့ပါ" အဖိုးကြီးက ထိုကဲ့သို့ ပြောဆိုလွှတ်လိုက်သဖြင့် ကျော်မြင့်သည် စိတ်သက်သာရာရရှိကာ သင်္ဘောဆိပ်သို့ ဆင်း လာခဲ့သည်။

ဗမာနိုင်ငံလုံးဆိုက်ရာ ကျောင်းသားသမဂ္ဂများညီလာခံသည် မူလက တနင်္ဂနွေ တပတ်ခန့်နှင့် ပြီးပြတ်ရန်ဖြစ်သော်လည်း တနင်္ဂနွေ နှစ်ပတ်ခန့်မျှ ကြာသွားလေသည်။ အဘယ်ကြောင့် ဆိုသော် ငြိမ်းချမ်းစွာ ပညာသင်ကြားခြင်း ပြုလိုကြသော ကျောင်းသားများသည် တိုင်းပြည်ကြီး၏ ငြိမ်းချမ်းရေးပြဿနာကိုပါ လေးလေးနက်နက် ဆွေးနွေးနေကြရသောကြောင့်ဖြစ်လေသည်။

တနင်္ဂနွေ နှစ်ပတ်ခန့်မျှ ရှည်လျား ကြာမြင့်ခဲ့သော ကျောင်းသားများညီလာခံ ပြီးလျှင်ပြီးခြင်း ဟိုက သည်ကရဲဘော်များနှင့် သူငယ်ချင်းများက အတင်းဆွဲကြသည့်တိုင်အောင် ကျော်မြင့်သည် ရန်ကုန်တွင် တရက်လောက်မျှ မနေနိုင်တော့ဘဲ မှီရာသင်္ဘောကို တက်စီးကာ အိမ်သို့ ပြန်ပြေးလာခဲ့လေသည်။ သင်္ဘောသည်ပင် အခါတိုင်းထက် နှေးကွေးလေးလံသည်ဟု လည်းထင်လေသည်။

ကျော်မြင့်စီးလာသော သင်္ဘောသည် ၎င်းတို့ မြို့သို့ မီးထွန်းကာစ အချိန်လောက်တွင် ဆိုက်လေသည်။ သူသည် ကုန်းဘောင်အထိုးကိုပင် မစောင့်နိုင်သကဲ့သို့ ဆိပ်ခံသမ္ဗာန်ပေါ်သို့ ခုန်တက်ကာ ကုန်းပေါ်သို့ ရောက်ရှိပြီးနောက် အိမ်သို့ အမြန်ရောက်ရန် ဆိုက်ကားတစီးကို လှမ်းခေါ်နေစဉ် " ဟေ့ကျော်မြင့် မင်းအပြန်ကောင်းပေမဲ့ အချိန်နှောင်း သွားပြီကွာ" ဟု တစုံတယောက်က လှမ်းအော်၍ ပြောဆိုလိုက်သဖြင့် ထိုအသံလာရာသို့ ပြန်လှည့်၍ ကြည့်လိုက်ရသည်။ ကျော်မြင့်အားထိုကဲ့သို့ အော်ဟစ် ပြောဆိုသူမှာ ၎င်း၏ ရင်းနှီးသော သူငယ်ချင်းတယောက်ဖြစ်သည့်အပြင်၊ ၎င်း၏ အတွင်းရေး များကိုပါ သိနေသူတဦးလည်း ဖြစ်လေသည်။

" ဘယ်လိုဖြစ်ကုန်ကြလို့လဲကွ. . . " ကျော်မြင့်က အလန့်တကြားပြန်အော်၍ မေးလိုက်မိသည်။

" မင်းအဖိုးကြီးပေါ့ကွ . . . မပြောနဲ့တော့"

''ငါ့အဖိုးကြီး ဘာဖြစ်လို့လဲဟေ့ . . . ပြောစမ်းပါအုံး. . . "

"မင်းအဖိုးကြီး ဘာဖြစ်ရမလဲကွ မင်းအဖွားကြီးကို တနေ့ကဘဲ လက်နက် ချလိုက်ပါ ပကောလား"

"ဟိုက် ဂျောက်ဘဲကွာ. . . "

"မင်းသာ ဂျက်ကျနေ. . . မင်း အဖိုးကြီးကတော့ဟေ့ ဦးထုပ်အသစ်ကြီးဆောင်းနေပြီကွ. . . "

ကျော်မြင့်သည် ဆိုက်ကားကိုစီးကာ အိမ်သို့ ပြန်ရတော့သည်။ အိမ်သို့ရောက်၍ အိမ်ပေါ်သို့ တက်မိလျှင် တက်မိခြင်း "ဟဲ့ကောင် နင်အခုမှပြန်လာသလား ဟင်. . . " ဟု အဖွားကြီး၏ ပွဲဦးထွက် ကြိမ်းမောင်းသံကို ကြားလိုက်ရသည်။

အဖိုးကြီး အိမ်ပေါ်မှ ဆင်းနေခဲ့သည့် ရက်များအတွင်း ၎င်းအားများစွာ အခွင့်အရေး ပေးထားခဲ့သော ထိုအမယ်ဘကြီးက ခရီးရောက်မဆိုက် ဆူပူကြိမ်းမောင်းခြင်းသည် ကျော်မြင့်အတွက် အဆန်းမဟုတ်တော့ချေ။ ဒီမိုကရေစီ အခွင့် အရေးအတွက် အနည်းငယ်မျှလောက်ပင် ပြေလည်အောင် ဆွေးနွေးခြင်းမပြုဘဲ ဒယောသောပါး လက်နက်ချခဲ့သော ထိုအဖိုးကြီး ကြောင့်သာဖြစ်သည်။ သို့ရာတွင် ထိုအဖိုးကြီး ကား လက်နက်ချပြီးလေပြီ၊ ဘာတတ်နိုင်ဦးမည်နည်း။

"အမေကလဲဗျာ. . အိမ်ပြန် ရောက် ရောက်ခြင်းဆူတော့တာဘဲလား. . ." ကျော်မြင့်က ဆိုက္ကားထပ်မှ အိပ်ရာလိပ်နှင့် သေတ္တာ ကိုဆွဲယူရင်း ပြန်ပြောလိုက်မိသည်။

"မဆူရအောင်နင်က ငါ့အဖေလား ဟင်. . . ငါက နင့်ကို ဖလ်ပေါင်းချောင်နဲ့ ထည့်ပြီး ရှစ်ခိုးရမတဲ့လား" စေ့စပ်ဆွေးနွေး ရေးမျှပင် မလုပ်ဘဲ လက်နက်ချအညံ့ခံသူက ခံနေပြီး ဖြစ်ရကား အဖွား ကြီးသည် ကြိမ်းအားဆူအား ရှိနေလေပြီ။

အေးအေးဆေးဆေးပြောရင်လဲ ပီးနိုင် ရက်သားနဲ့ အမေ့ဟာက လူကြားသူကြား အော်ပြော တာမကောင်းပါဘူးဗျာ. . ."

" ဟာဟဲ့ နင်က ငါ့အပြောအဆို မခံချင် ဘူးလား ဟင် ကျော်မြင့်-"

"အမေကလဲဗျာ တိုးတိုးသက်သာ ပြောစမ်းပါ" ကျော်မြင့်က ခပ်တိုးတိုး ခပ်အုပ်အုပ် ပြန်၍ တောင်းပန်လိုက်ရသည်။

"မပြောနိုင်ဘူးဟဲ့ ငါ့ဘာသာ ငါတသက် လုံးက ကျယ်ကျယ်ပြောလာခဲ့တာ နင်က ငါကျယ် ကျယ်ပြောတာကို မခံချင်ရင် ငါ့အိမ်ပေါ် မတက်နဲ့ သွား. . . သွား" အဖွားကြီး ၏အသံသည် ကျယ် သည်ထက်ကျယ်လာလေသည်။

ယင်းသို့ သားလုပ်သူကို မယားလုပ်သူက ခရီးရောက်မဆိုက် အော်ကြီးဟစ်ကျယ်ဆူပူကာ အိမ်ပေါ်မှ နှင်ချနေသော ကိစ္စကို အိမ်တွင်းမှ ကပ်၍ နားထောင်နေဟန်တူသော အဖိုးကြီးက ကြားဝင်ဖြန် သည့်အနေနှင့်

"မင်းကလဲကွာ. . ကိုယ့်သာကို အိမ်ပေါ် ရောက်မှ အေးအေးသက်သာ ပြောရောပေါ့ ကွာ . . ." ဟု မတိုးမကျယ် လှမ်းပြောလိုက်လေသည်။

လက်နက်ချ အညံ့ခံထားသော လူတ ယောက်က "ဒိုင်"လူကြီးဝင်လုပ်သည်ကို အနည်း ငယ်မျှ မခံမရပ်နိုင်သော အဖွားကြီးက "တော်ကကြားထဲက အေးအေးမနေသေးဘဲ ဘာဝင်ပြောရတာလဲ. . တော်တော်ကြာအိမ်ပေါ်က ပြန်ဆင်းရမှာ မကြောက် ဘူးလား. . ." ဟု ခုနှစ်အိမ်ကြား ရှစ်အိမ်ကြား အော်၍ ပြောဆို လိုက်သဖြင့် လက်နက်ချ အဖိုးကြီး သည် တုပ်တုပ် ကလေးမျှ ပြန်မလှုပ်တော့ချေ။

ကျော်မြင့်သည် သက်ပြင်းကို ပင်ပမ်း ကြီး စွာဖြင့် ချလိုက်ရသည်။ သို့ရာတွင် အဖွားကြီး ကိုမူ ကား ဘာမျှပြန်မပြောနိုင်တော့ချေ။

"ငါ့အိမ်ပေါ်မှာနေချင်ရင် ငါ့စည်းကမ်းနဲ့ ငါ့အပြောအဆိုကို ခံနိုင်မှနေ မခံနိုင်ရင်မနေကြနဲ့ ဆင်းသွားကြ"

အဖွားကြီးသည် အထက်စီးဖြင့် ရာဇသံ ပေးနေပြန်သည်။ ကျော်မြင့်အဘို့ ဘာလုပ်ရ မည်နည်း။ ရွေးချယ်ခြင်းပြုရမည့် လမ်းနှစ်သွယ်မျှသာ ရှိတော့သည်။

တသွယ်သောလမ်းမှာ ထိုအဖွားကြီး၏ အဆူအပူကို ခံမြဲခံ၍ ထိုအဖွားကြီး၏ အိမ်တွင် တွယ် ကပ်နေထိုင်ရန် ဖြစ်သည်။ တချက်သော လမ်းမှာမူ ကား ထိုအဖွားကြီး အိမ်ထက်မှ ဆင်းကာ မိန်းမယူ ပစ်လိုက်ရန်သာရှိလေသည်။ သို့ရာတွင် ထိုနှစ်ခုသော လမ်းများသည် ကျော်မြင့်ကဲ့သို့ နိုင်ငံရေးသတ္တဝါ တကောင်အတွက်သက်သာ လွယ်ကူ သောလမ်းများ တော့ကားမဟုတ်ချေ။

**ဗန်းမော်တင်အောင်**

(ရဲဘော် လှကျော်မြင့်တို့၊ ဇနီးမောင်နှံ အတွက် မင်္ဂလာလက်ဆောင်)

(၁၉၆၀-၆၁ထုတ် အိုးဝေမဂ္ဂဇင်း၊
အတွဲ-၂ အမှတ်-၁ မှ
ပြန်လည်ကူးယူဖော်ပြပါသည်။)

မောင်မြတ်သာ

# ကျောင်းသားလှုပ်ရှားမှု မှ လူထုလှုပ်ရှားမှုသို့

ကျောင်းသားတစ်ယောက်ဟာ ကိုယ်မွေးဖွားကြီးပြင်းနေထိုင်ရာ တိုင်းပြည်ရဲ့ သမိုင်းကြောင်းနဲ့ နိုင်ငံရေးကို သိဖို့လိုအပ်ပါတယ်။ သိရုံတင်မကဘူး ကိုယ်တိုင်ပါဝင်ဆောင်ရွက်ဖို့ လည်းလိုအပ်တယ်။

ခေတ်သစ် ဗမာ့လွတ်လပ်ရေး လှုပ်ရှားမှုသမိုင်းမီးရှူးတိုင်ကို ကျောင်းသားတွေက စတင်ထွန်းညှိခဲ့ကြတာဖြစ်တယ်။

၁၉၂၀ကျောင်းသားသပိတ်ဟာ သမိုင်းသက်သေဖြစ်ပါတယ်။ ဒါပေမယ့် တပြည်လုံးပြည်သူတွေပါဝင်လာအောင် ဒီသပိတ်က မစွမ်းဆောင်နိုင်ခဲ့ဘူး။ ဒါပေမယ့် ပြည်သူများကို ကိုလိုနီစနစ်ဆန့်ကျင်ရေး နဲ့ အမျိုးသားရေး စိတ်ဓါတ်တွေကို လှုံ့ဆော်နိုင်ခဲ့တယ်။

၁၉၂၉-၃၀ မှာ ကမ္ဘာ့စီးပွား ပျက်ကပ်ရဲ့ ဂယက် ရိုက်ခတ်မှု ကြောင့် စပါးဈေးတွေထိုးကျသွားတဲ့အခါ နဲ့ ပြည်တွင်းက လယ်သမားတွေ စီးပွားပျက်ကာ အိမ်ပေါင်ယာပေါင် ဖြစ်ကြ ရတယ်။ အဲဒီကနေ ဆရာစံ ဦးဆောင်တဲ့ ဂဠုန်လယ်သမား လက်နက်ကိုင်ပုန်ကန်မှု ပေါ် ပေါက်ခဲ့တယ်။ ဒါပေမယ့် ဒီလှုပ် ရှားမှုဟာ တပြည်လုံး အတိုင်းအတာ မဆောင်နိုင်ခဲ့သော်လည်း ကိုလိုနီ နယ်ချဲ့သမားကို လက်နက် ကိုင်တော်လှန်ရမယ်ဆိုတဲ့အသိကို လယ်သမားတွေက ပြသနိုင်ခဲ့ပါတယ်။

၁၉၃၀ တဝိုက်မှာ ဒိုဗမာအစည်းအရုံးကို စတင် ဖွဲ့စည်းလာနိုင်ခဲ့ပြီး၊ ကိုလိုနီ ဆန့်ကျင်ရေး အမျိုးသားလွတ်လပ်ရေးလှုပ်ရှားမှုတွေ တစတစ အားကောင်းလာခဲ့ပါတယ်။ ၁၉၃၈ ခုနှစ် အထွဋ်အထိပ်သို့ရောက်လာခဲ့ပြီး အလုပ်သမား လယ်သမားတွေနဲ့ ကျောင်းသားတွေ ပေါင်း စည်းမိကြပြီး -၁၃၀၀ပြည့်အရေးတော်ပုံ-ဆိုတဲ့ တပြည်လုံးအတိုင်းအတာဆောင်တဲ့ လူထုလှုပ်ရှားမှုကြီး ဖြစ်ပေါ်ခဲ့ပါတယ်။ ဒီလှုပ်ရှားမှုကြီးကို အုပ်စိုးသူ ဗြိတိသျှတွေ ထိတ်လန့်တုန်လှုပ်သွားရပြီး ကျောင်းသားခေါင်းဆောင်တွေနဲ့ပြည်သူတွေ အသက်စွန့်ရတဲ့အထိ အကြမ်းဖက်ဖိနှိပ်ဖြိုခွဲခဲ့ပါတယ်။

-၁၃၀၀ပြည့်အရေးတော်ပုံ-ပြီးနောက် ၁၀ နှစ်အကြာ ၁၉၄၈ ခုနှစ်မှာ ဗမာပြည် လွတ်လပ်ရေးရခဲ့ပါတယ်။

ဒါပေမယ့် ကျောင်းသားလှုပ်ရှားတွေ၊ အလုပ်သမား၊လယ်သမားလှုပ်ရှားမှုတွေ၊ မြို့နေဆင်းရဲသားတွေနဲ့အစိုးရ အမှုထမ်းဝန်ထမ်းတွေရဲ့လှုပ်ရှားမှု တွေရပ်ဆိုင်းသွားခြင်းမရှိဘဲ ဆက်လက် ပေါ်ထွက်မြဲ ပေါ်ထွက်နေခဲ့တာဟာ ယနေ့ မျက်မှောက် ကာလအထိပဲ ဖြစ်ပါတယ်။

> စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ပစ်နိုင်မှသာ စစ်မှန်တဲ့ ပါတီစုံ ဒီမိုကရေစီစနစ်နဲ့ စစ်မှန်တဲ့ ပြည်ထောင်စု နိုင်ငံကို တည်ဆောက်နိုင်မှာ ဖြစ်တယ်။

၁၉၆၂ ခုနှစ်၊ မတ်လ ၂ ရက် စစ်တပ်ကအာဏာသိမ်းတော့ ကျောင်းသားတွေက ဆန့်ကျင်ကန့်ကွက်ခဲ့ကြတယ်။ အာဏာသိမ်းစစ်အစိုးရဟာ ဇူလိုင်လ (၇) ရက်နေ့မှာ ကိုလိုနီဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေး

ခေါင်းဆောင်တွေကိုမွေးထုတ်ပေးခဲ့တဲ့ သမိုင်းအစဉ် အလာကြီးမားခဲ့တဲ့ (တကသ) အဆောက်အဦကို ဒိုင်းနမိုက်နဲ့ဖြိုချခဲ့ပြီး ကျောင်းသူ၊ ကျောင်းသား တရာကျော်ကို သတ်ဖြတ်ခဲ့တယ်။ ဒါပေ မယ့် ကျောင်းသားလှုပ်ရှားမှုနဲ့ အလုပ်သမား လယ်သမား ပြည်သူတွေရဲ့ လှုပ်ရှားမှုဟာ ရပ်ဆိုင်း မသွားခဲ့ပါဘူး။

-ဦးသန့်အရေးအခင်း-(၁၉၇၄)၊ အလုပ်သမားတွေရဲ့ -ဂျွန် ၆ သပိတ်-(၁၉၇၅)၊ -မှိုင်းရာပြည့်-(၁၉၇၆) ၊ -၁၉၈၇ ငွေစက္ကူ အရေးအခင်း- စတဲ့လှုပ်ရှားမှုများကနေ ၁၉၈၈ ခုနှစ်မှာ ကျောင်းသား၊ အလုပ်သမား၊ လယ်သမား၊ အစိုးရ ဝန်ထမ်ပေါင်းစုံ၊ ဆရာဝန်၊ ရှေ့နေ ၊ ကျူရှင်ဆရာ၊ တပ်မတော်သား စတဲ့လူထုလူတန်းစား အလွှာစုံ ပါဝင်တဲ့ -၈-လေးလုံး ဒီမိုကရေစီ လူထု လှုပ်ရှားမှုကြီး-ပေါ်ပေါက်လာခဲ့ပြီး (မဆလ) တပါတီ အာဏာရှင်စနစ်နဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေ (၁၉၇၄) ကိုဖြိုချနိုင်ခဲ့ပါတယ်။

အခု -၈-လေးလုံး ဒီမိုကရေစီ လူထု လှုပ်ရှားမှုကြီး-ပေါ်ပေါက်ခဲ့တဲ့ (၂၁)နှစ်ကြာမြင့်ခဲ့ပါပြီ။

တိုင်းပြည်မှာအုပ်စိုးနေတဲ့ (နဝတ-နအဖ) စစ်အစိုးရကို ဖယ်ရှားပစ်နိုင်ခြင်းမရှိသေးပါဘူး။

ဒီနှစ်ပေါင်းနှစ်ဆယ်ကျော် ဖြတ်သန်းမှုဟာ (နဝတ-နအဖ)စစ်အစိုးရရဲ့ဖိနှိပ်မှုတွေနဲ့ ဒီလို ဖိနှိပ်မှုတွေကိုရဲရဲဝံ့ဝံ့ဆန့်ကျင်တော်လှန်နေတဲ့ လှုပ်ရှားမှုတွေ အထင်အရှားတွေမြင်နေရတဲ့ သမိုင်းခေတ်ကာလဖြစ်ပါတယ်။

ဒါကြောင့် ဒီကနေ့ခေတ်ရဲ့တာဝန်ဟာစစ် အာဏာရှင်စနစ်ဆန့်ကျင်တိုက်ဖျက်ရေး၊ အမြစ် ပြုတ်ရေးပဲဖြစ်တယ်။

ဒီတာဝန်ကို ဒီကနေ့ခေတ်ကျောင်းသား လူငယ်တွေသိရှိနားလည်ပြီး၊ ကိုယ်တိုင် ပါဝင်ဖို့ လိုအပ်တယ်။ စစ်အာဏာရှင်စနစ်ကို တိုက်ဖျက်ပစ် နိုင်မှသာ စစ်မှန်တဲ့ပါတီစုံဒီမိုကရေစီစနစ်နဲ့ စစ်မှန်တဲ့ ပြည်ထောင်စုနိုင်ငံကို တည်ဆောက်နိုင်မှာဖြစ်တယ်။

သမိုင်းမှာပြန်ကြည့်ရင် ကျောင်းသား တွေရဲ့လှုပ်ရှားမှုတွေဟာ အများစုဖြစ်တဲ့ အလုပ်သမား၊ လယ်သမားတွေ၊ မြို့နေဆင်းရဲသား ၊ ဝန်ထမ်း အစရှိတဲ့လူထုလူတန်းစား အလွှာစုံ ပါဝင် လာနိုင်အောင်ပေါင်းစပ်နိုင်ခဲ့ရင် အုပ်စိုးသူတွေကို ဖြိုချနိုင်ခဲ့တယ်။ ဒါကြောင့် ကျနော် တို့ကျောင်းသား လူငယ်များအနေနဲ့လည်း စစ်အာဏာရှင် စနစ်တိုက်ဖျက်ရေး တပြည်လုံး အတိုင်းအတာ ဆောင်တဲ့ လူထုလှုပ်ရှားမှုကြီး ဖြစ်လာအောင် စည်းရုံးပြင်ဆင်ကြဖို့လိုပါတယ်။

ဒါကြောင့် ကျနော်တို့ ကျောင်းသား လူငယ်များအနေနဲ့ အလုပ်သမားတွေ၊ လယ် သမား တွေ၊ အသိပညာရှင်အတတ်ပညာရှင်၊ မြို့နေ ဆင်းရဲ သားဝန်ထမ်းတွေ၊ တပ်မတော်သား တွေစတဲ့ လူထု လူတန်းစားအလွှာစုံက စစ်အာဏာရှင် စနစ် ဆန့်ကျင်ရေးလှုပ်ရှားမှုကြီးထဲ ပါဝင်လာအောင် မိမိ ဆောင်ရွက်နိုင်တဲ့ အဆင့်က စတင်ပြီး တက်တက် ကြွကြွ စည်းရုံး လှုံ့ဆော်ကြပါစို့။

မောင်မြတ်သာ

*ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ထုတ်ဝေသည့်*
*အိုးဝေဂျာနယ်သို့ စာမူများ၊ ဝေဖန်အကြံပြုစာများ ပေးပို့လိုလျှင်*
**abfsu.07@gmail.com** *သို့ ပေးပို့နိုင်ပါသည်။*

# မိဘပြည်သူ ကျောင်းသားကျောင်းသူများသို့ ပြန်ကြားချက်

ရက်စက်ကြမ်းကြုတ်သော၊ ဒီမိုကရေစီ တပြားသားမှမရှိသော ဖက်ဆစ်ဆန်သည့် စစ်အာဏာရှင်စနစ် အောက်တွင် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်မှ ကျောင်းသူကျောင်းသားများသည် သမဂ္ဂ၏ တခြားနိုင်ငံရေးတာဝန်များကို ထမ်းဆောင်ရင်း အိုးဝေဂျာနယ်ကို ပုံမှန် ထုတ်ဝေနိုင်ရန် ကျားကုတ်ကျားခဲ အားထုတ်ကြိုးပမ်းနေကြရပါသည်။

ကျောင်းသားသမဂ္ဂ၏အာဘော်ကိုထင်ဟပ်သော၊ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းခေါ် ကိုအောင်ဆန်း တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သော သမိုင်းအစဉ်အလာကြီးမားသည့် အိုးဝေဂျာနယ်ကို ပြန်လည်ထုတ်ဝေရခြင်းလည်းဖြစ်ပြီး၊ လက်ရှိဖြစ်ပေါ်နေသော ခေတ်အခြေအနေကိုလည်း ထင်ဟပ်ဖော်ပြနိုင်ရန်၊ ဗမာပြည်သူလူထု၏ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးတိုက်ပွဲတွင် အိုးဝေဂျာနယ်မှ တတပ်တအား ပါဝင်အားဖြည့်နိုင်ရန် ကြိုးစားနေရခြင်းလည်း ဖြစ်ပါသည်။

တနည်းအားဖြင့် ဆိုသော် အလွန်တာဝန်ကြီးပြီး၊ စစ်အာဏာရှင်အောက်တွင် အိုးဝေဂျာနယ်ကို လျှို့ဝှက် ထုတ်ဝေရခြင်း ဖြစ်သည့်အတွက် အခက်အခဲအကြပ်အတည်း မျိုးစုံရှိနေပါသည်။

ထိုသို့သော အခြေအနေအကြောင်းများကြောင့် ကျနော်တို့၏ အိုးဝေဂျာနယ်တွင် ချို့ယွင်းအားနည်း ချက်များ မလွဲမရှောင်သာ ပါရှိနေမှာ သေချာပါသည်။ ကျနော်တို့၏ အားနည်းချက်များကို မည်သူမဆို ထောက်ပြ ဝေဖန်စေလိုပါသည်။ အားနည်းချက်များကို ထောက်ပြဝေဖန်ခြင်း မပြုမှာကိုပင် ကျနော်တို့ အထူးစိုးရိမ်မိပါသည်။

ထို့ကြောင့် ချို့ယွင်းအားနည်းချက်များကို ပြင်ဆင်နိုင်ရန်၊ ဖြည့်ဆည်းနိုင်ရန်အတွက် လိုအပ်သော သမိုင်းအချက်အလက်များ၊ စာမူများ၊ ဝေဖန်အကြံပေးစာများ ပေးပို့ခြင်း၊ အဖက်ဖက်မှ ကိုယ်တတ်နိုင်သည့်ပုံစံနှင့် ကူညီခြင်းဖြင့် အိုးဝေဂျာနယ်ကို ကျောင်းသား၊ ပြည်သူတရပ်လုံးက ဝိုင်းဝန်းဆောင်ရွက်နေသည့် စစ်အာဏာရှင် စနစ်ဆန့်ကျင်ရေး၊ ဒီမိုကရေစီရေးတိုက်ပွဲဝင် စာစောင်တစ်ခုအဖြစ် သဘောထားကြရန် ပန်ကြားအပ်ပါသည်။

အိုးဝေဂျာနယ်

# အိုးဝေ

ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်သည် တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံများမှ ကျောင်းသူကျောင်းသားများ၊ အခြေခံပညာကျောင်းများမှ ကျောင်းသူကျောင်းသားများအားလုံး၏ အဖွဲ့အစည်းဖြစ်ပါသည်။

ဗမာနိုင်ငံသည် စစ်အာဏာရှင်စနစ် အမှောင်ခေတ်တွင် ကျရောက်နေသည့် အချိန်အခါ ဖြစ်သောကြောင့် ကျောင်းသူကျောင်းသားများ အားလုံးသည် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ် လှုပ်ရှားမှုများကို စိစဉ်ဆောင်ရွက်နေကြသော ကျောင်းသူ ကျောင်းသားများကို တိုက်ရိုက်ဆက်သွယ် ဆောင်ရွက်နိုင်ရန် အခက်အခဲများရှိနိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ မိမိတို့အားလုံး၏ အဖွဲ့အစည်းဖြစ်သောကြောင့် ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသား သမဂ္ဂများအဖွဲ့ချုပ်မှ လှုပ်ရှားဆောင်ရွက်မှုများကို မိမိတို့ အဆင်ပြေသလို လိုက်ပါဆောင်ရွက်နိုင်ခွင့်ရှိကြပါသည်။

ထို့ကြောင့် ယခုထုတ်ဝေသော ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂများအဖွဲ့ချုပ်၏ အိုးဝေဂျာနယ်ကို သမဂ္ဂစိတ်ဓါတ်ရှိသော ကျောင်းသူကျောင်းသားတိုင်း ကိုယ့်အစီအစဉ်ဖြင့် မိတ္တူပွား၍ ကြိုက်သလောက်ဖြန့်ချိနိုင်ပါကြောင်း အသိပေးအပ်ပါသည်။